မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘုရား၊ ပုထိုးများပြုပြင်ရာတွင် အလှူရှင်များ ကြည်ညိုသဒ္ဓါဖြစ်နိုင်အောင် ရှေးမူမပျက် သေသပ်ခိုင်ခံ့သည့် လက်ရာဖြင့် စနစ်တကျဖော်ဆောင်

နေပြည်တော် ဇူလိုင် ၂၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုထိုးသားများဘုရား၊ ခေမဂ်ဘုရားနှင့် ဘုရားအမှတ်(၆၂၉) တို့အား ရှေးဟောင်းယဉ်ကျေးမှု လက်ရာမပျက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၇ နာရီတွင် ပုထိုးသားများဘုရားသို့ ရောက်ရှိပြီး ဘုရားအားကြံ့ခိုင် ထိန်းသိမ်းထားမှု၊ နံရံဆေးရေးပန်းချီများကို Digitalize လုပ်၍ မှတ်တမ်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ငှက်နှင့် လင်းနို့များကြောင့် လည်းကောင်း ဂူဘုရားအတွင်း ယိုယွင်းပျက်စီးမှုမရှိအောင် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခေမဂ်ဘုရားသို့ရောက်ရှိပြီး အင်္ဂတေအနားလိုင်းများ ပိုမိုပျက်စီးမသွားစေရန်အတွက် ပုဂံခေတ်နည်းပညာအတိုင်း အနားသတ်ကြားသိပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နံရံဆေးရေးပန်းချီများကို ကြေးချွတ် အရောင်တင်ခြင်း၊ ဆေးရေးပန်းချီနံရံအင်္ဂတေများ ဖောင်းကြွနေသည့်နေရာများကို ခေတ်မီဓာတုဗေဒ ဆေးရည်ဖြင့်ပြုပြင်၍ ခိုင်ခံ့အောင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စေတနာရှင်ပြည်သူတစ်ဦး၏ လှူဒါန်းငွေဖြင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာမပျက် ပြန်လည်ပြုပြင်လျက်ရှိသည့် ဘုရားအမှတ်(၆၂၉)အား ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စေတီ၊ ပုထိုးများ မိုးရေကြောင့် ပျက်စီးမှုမဖြစ်အောင်ဆောင်ရွက်ထားရှိသည့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများကို မပြတ်စစ်ဆေး၍ ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် စေတီ၊ ပုထိုးများ စစ်ဆေးတွေ့ရှိပါကလည်း ချက်ချင်း ထိန်းသိမ်းဆောင်ရွက်ရန်၊ နံရံဆေးရေးပန်းချီများကို Digitalize လုပ်၍ မှတ်တမ်းတင်ခြင်းလုပ်ငန်းကိုလည်း သတ်မှတ်ထားသည့် အကန့်အလိုက် မှတ်တမ်းတင်မှုကို စနစ်တကျဆောင်ရွက်ပြီး အမြန်ဆုံးအားလုံး ပြီးစီးအောင် ကျွမ်းကျင်သူဝန်ထမ်းများ ထပ်မံဖြည့်ဆည်း၍ ကြိုးပမ်းဆောင်ရွက်ရန်၊ ရှေးဟောင်းစေတီ၊ ပုထိုးများ ပျက်စီးယိုယွင်းမှုမှ ကာကွယ်နိုင်အောင် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်စစ်ဆေး တွက်ချက် ကာကွယ်ခြင်း၊ ပေါင်းပင်များ ပေါက်ရောက်မှုမရှိအောင် နှိမ်နင်းခြင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❐

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုထိုးသားများဘုရား၌ နံရံဆေးရေးပန်းချီလက်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတနာရှင်ပြည်သူတစ်ဦး၏ လှူဒါန်းငွေဖြင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာမပျက် ပြန်လည်ပြုပြင်လျက်ရှိသည့် ဘုရားအမှတ် (၆၂၉)အား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၅ ရက်)

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲများမှသည် စက်မှုနိုင်ငံဆီသို့ဦးတည်

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာ၌ တိုးတက် ဖြစ်ထွန်းနေသည့် ခေတ်မီကုန်ထုတ်နည်းစနစ်များ၊ စက်ရုံ၊ အလုပ်ရုံများကဲ့သို့ စက်မှုကဏ္ဍဖြစ်ထွန်းတိုးတက်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ- ၂၀၁၁ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ခင်းကျင်းပြသလျက်ရှိသည်။

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကျင်းပရခြင်းရည်ရွယ်ချက်သည် နိုင်ငံတော်ပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေးအဆင့်အတန်းကို အများပြည်သူများ သိရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင် တိုးတက်ရရှိစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

ယင်းပြပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ စက်မှုထုတ်ကုန်ပစ္စည်း ၈၉၃ မျိုး၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေဆိုင်ရာ သိကောင်းစရာအချက်အလက်များကို ခင်းကျင်းပြသထားသည်။

ထို့အပြင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော လူစီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများ၊ လမ်းကြိတ်စက်ကြီးများ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၊ စက်ယန္တရားကြီးများတွင် အသုံးပြုရသည့် အင်ဂျင်အမျိုးမျိုး၊ စက်ပစ္စည်းအစိတ်အပိုင်းများ၊ ကုန်တင်ရထားတွဲပစ္စည်း အစိတ်အပိုင်းများနှင့် အမှတ်(၂) အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ထုတ်လုပ်သောစက်နှင့် စက်ကိရိယာအမျိုးမျိုးကို စုံလင်စွာပြသထားသည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊ စက်မှုထုတ်ကုန်ပစ္စည်းအရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရန်၊ စက်ပစ္စည်းကိရိယာအမည်သစ်များ တိုးတက်ထုတ်လုပ်ရန်၊ စက်မှုလုပ်ငန်းသုံးစက်ကိရိယာများ ထုတ်လုပ်ရန်စသည်အတွက် နိုင်ငံတော်ပိုင်စက်ရုံများသာမက ပုဂ္ဂလိကစက်ရုံများကိုပါ ထူထောင်၍ အားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲကျင်းပခြင်းသည် နိုင်ငံပိုင်စက်ရုံများမှထုတ်လုပ်သော ကုန်ပစ္စည်းအရည်အသွေးနှင့် အဆင့်အတန်းကို အများပြည်သူများသိရှိစေသည့်အပြင် ဈေးကွက်ချဲ့ထွင်တိုးတက်ရေးအတွက်ပါ အကျိုးဖြစ်ထွန်းစေသည်ဖြစ်ရာ အနာဂတ်ကာလ စက်မှုနိုင်ငံပေါ်ထွန်းရေးအတွက် များစွာအထောက်အကူပြုလာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျုံပျော်မြို့နယ်၌ကျင်းပ

ကျုံပျော် ဇူလိုင် ၂၄

ကျုံပျော်မြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက်က ကျုံပျော် - သောင်ရွာကျေးလက်လမ်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်းပင် ၃၅၀၊ မဲဇလီ ၂၅၀နှင့် ယူကလစ် ၁၇၅ ပင် စုစုပေါင်း ၇၇၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

လှူဒါန်း

သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏသံသုမာလမ်း တိုက်(၉)အခန်း ၁၀၁ နေ ဦးကျော်ခိုင်စိုး-ဒေါ်မာလာအောင် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေနှင့်စောင့်ရှောက်ရေးသူနာပြု ဒေါ်မာမာအေးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သာစည်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

သာစည်မြို့နယ်အသင်း (ရန်ကုန်)၏စုပေါင်းအလှူ၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် ကံဘဲ့ဘုရားလမ်း အောင်ချမ်းသာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တွင် အမြဲနေထိုင်ကြသည့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအသင်းဝင်များနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင်သားသမီးများ၏ အမည်စာရင်းကို ဦးကျော်မြင့်-ဖုန်း-၀၉-၅၁၅၆၁၃၆၊ ဦးအောင်မျိုး-ဖုန်း-၀၉-၄၃၀၆၅၃၀၈ နှင့် ဒေါ်ညွန့်တင် ဖုန်း-၆၃၇၀၀၅ တို့ထံသို့ ကြိုတင်ဆက်သွယ်ပေးပို့ကြရန်နှင့် သာစည်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်ဖိတ်ကြားထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးထုတ်ပေး

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသိန်းဌေးဦးဆောင်မှုဖြင့် ဇူလိုင် ၂၂ ရက် ညနေ ၅ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပေးအပ်ပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးဇော်သိန်းဦးက နိုင်ငံသားအရည်အချင်း ပြည့်မီသူကျေးရွာပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာ ကျေးရွာပြည်သူများကိုယ်စား ဇီးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သိုး၊ ဆိတ်မွေးမြူရေး အစုအဖွဲ့များဖွဲ့စည်းရန် ဘုတလင်၌ ကွင်းဆင်းဆောင်ရွက်

ဘုတလင် ဇူလိုင် ၂၄

ဘုတလင်မြို့နယ်အတွင်းရှိ သိုး၊ ဆိတ် အဓိကမွေးမြူလျက်ရှိသော ကျေးရွာများဖြစ်သည့် တွင်းတော်ရွာ၊ လက်ပံအရှေ့ရွာ၊ လက်ပံတောင်ရွာနှင့် အုတ်ဖိုကျေးရွာများသို့ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသန်းထိုက်၊ ခရိုင်ဦးစီးမှူး ဒေါက်တာခင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းဗိုလ်နှင့် မြို့နယ်ဒုတိယဦးစီးမှူးများပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၀ ရက်က ကွင်းဆင်း၍ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဆောင်ရွက်ကြသည်။ ထို့နောက် သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းရှင်များအား အစုအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများ၏ ပြန်လည်ဆွေးနွေးချက်များကို တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရှိရသည်။ **(မွေး/ကု ဦးစီး)**

မြေပုံမြို့ မြို့မဈေးကြီးသန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထိရောက်စွာဆောင်ရွက်ပေးနေ

လိုအပ်ပါက ရုံးပိတ်ရက်ပါ ဆောင်ရွက်ပေးရန်အသင့်ရှိ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ၌ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံကျေးရွာပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ထုတ်ပေးရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုအခါ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ရုံးပိတ်ရက်များတွင် ဆောင်ရွက်ပေးရန် လိုအပ်ပါကလည်း မိမိဝန်ထမ်းများက အချိန်မရွေး ဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာရှိ ရွှေမြို့ဝင် ဇီးကုန်းကျောင်းတိုက် ဓမ္မာရုံ၌ ဇီးကုန်းကျေးရွာအုပ်စုမှ ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးအတွက် စိစစ်ဆောင်ရွက်ပေးနေမှုကိုကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့်အတူ မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ရွှေနံ့သာကျေးရွာရှိ ပုလဲရတနာခန်းမ၌ ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရသင့်သူများအား လွယ်ကူလျင်မြန်စွာထုတ်ပေးရန်တာဝန်ရှိသကဲ့သို့ မရသင့်သူများကိုလည်း မှားယွင်းထုတ်ပေးမှု မရှိစေရေးအတွက် စိစစ်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ယခုအခါ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း သွေးနှောနှင့် သံသယရှိသူများအတွက် ဆောင်ရွက်ရာတွင် အဆင့်ဆင့်တင်ပြ စိစစ်ရသည့်အတွက် အချိန်ကြန့်ကြာမှုအပေါ် နားလည်ပေးကြစေလိုကြောင်း၊ လုပ်ငန်းများ မှန်ကန်မြန်ဆန်စေရေးအတွက် ကြားပွဲစားများကို စေခိုင်းခြင်းမပြုဘဲ မိမိဌာနဝန်ထမ်းများနှင့်သာ တိုက်ရိုက်ထိတွေ့ ဆက်ဆံဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများအားလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဒေသခံပြည်သူများက လုပ်ငန်းအခက်အခဲများနှင့် သိရှိလိုသည်များကိုမေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး တိုင်းဒေသကြီးဝန်ကြီး ဒေါ်စန်းစန်းနွယ်က ဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူများထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ရှေ့ဖုံးမှ

ဂူ၊ ဘုရားများအတွင်း ငှက်များ၊ လင်းနို့များကြောင့် ပျက်စီးမှုမဖြစ်ပေါ်အောင် ကာကွယ်ဆောင်ရွက်ထားရှိခြင်းတို့ကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်ရန်၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ဆောင်ရွက်သော ဘုရား၊ ပုထိုးများအား ပြုပြင်ရာတွင် အလှူရှင်များ ကြည်ညိုသဒ္ဓါပွားများ ဝမ်းသာပီတိဖြစ်နိုင်အောင် မူလလက်ရာအတိုင်း ရှေးမူမပျက် သေသပ်ခိုင်ခံ့သည့် လက်ရာလက်သားဖြင့် အမြန်ဆုံးပြီးစီးရေး စနစ်တကျ စီမံခန့်ခွဲ၍ တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၃) အခြေခံပညာဦးစီးဌာန ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၄

အမှတ်(၃)အခြေခံပညာဦးစီးဌာန (၁၁)ကြိမ်မြောက်ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ပညာရေးဓမ္မာရုံ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် အခြေခံပညာကျောင်းဝတ်ရွတ်အသင်းများမှ ကျောင်းသားကျောင်းသူများက ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်ကို သံပြိုင်ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် ပြိုင်ပွဲ အကဲဖြတ်ခေါင်းဆောင်က လိုအပ်သည့်အချက်များကို ရှင်းလင်းပြောကြားပြီး ဆုရအသင်းများ စာရင်းကို ဖတ်ကြားကြေညာသည်။

ဆုများပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးက အသင်းလိုက်(အမျိုးသား)ပထမဆုရ သန်လျင် အခြေခံပညာ အထက်တန်းကျောင်းအသင်း၊ အသင်းလိုက်(အမျိုးသမီး) ပထမဆုရ သန်လျင် အခြေခံပညာအထက်တန်းကျောင်းအသင်းတို့အား ဆုများပေးအပ်ပြီး တာဝန်ရှိသူများက ဒုတိယ၊ တတိယဆုရအသင်းနှင့် အမွှမ်းရွတ်ဆိုမှု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင်လ ပထမပတ်တွင် ကျောင်းတွင်းပြိုင်ပွဲကျင်းပ၍ ဒုတိယအပတ်တွင်မြို့နယ်အဆင့်ပြိုင်ပွဲနှင့် တတိယအပတ်တွင် ခရိုင်အဆင့်ပြိုင်ပွဲများကို ကျင်းပခဲ့ကာ ခရိုင်အလိုက် လက်ရွေးစင်အသင်းများအား ရွေးချယ်ခဲ့ပြီး ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ယခုကျင်းပသည့် ပြိုင်ပွဲသို့ ခရိုင်ကိုယ်စားပြု အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း အသင်းလေးသင်းစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများကို သက်သာသောအတိုးနှုန်းဖြင့် ကူညီဆောင်ရွက်ပေး

တောင်သူများ မျိုးကောင်းမျိုးသန့်များ၊ အထွက်တိုးစပါးမျိုးများ ရွေးချယ်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် ဒီပဲယင်းမြို့ ဗိုလ်ချုပ်လမ်း၌ ကျင်းပသော ဖေယျာအောင်မြေ ဆန်စပါးရောင်းဝယ်ရေးအထူးပြုကုမ္ပဏီလီမိတက်၏ ရုံးခန်းဖွင့်ပွဲသို့တက်ရောက်၍ ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာစံခန်းမ၌ ကျင်းပသည့် ဖေယျာအောင်မြေဆန်စပါးရောင်းဝယ်ရေး အထူးပြုကုမ္ပဏီလီမိတက်က တောင်သူများအား စိုက်ပျိုးစရိတ်နှင့်သွင်းအားစုများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသအသေးစားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတောင်သူများအား အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ကာ စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများကို သက်သာသော အတိုးနှုန်းဖြင့် ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိလယ်မြေကို ချစ်မြတ်နိုးပြီး ဝင်ငွေပိုမိုရရှိရန် မျိုးကောင်းမျိုးသန့်များ၊ အထွက်တိုးစပါးမျိုးများ ရွေးချယ်စိုက်ပျိုးကြရန်လိုကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်နှင့် ပုဂ္ဂလိကကုမ္ပဏီများက ဒေသဖွံ့ဖြိုးရေးအတွက် ဆတက်ထမ်းပိုးအားပေးပံ့ပိုးမှုများ တိုးတက်လာသည်နှင့်အညီ ဒေသခံတောင်သူများကလည်း စိုက်ပျိုးစရိတ်ချေးငွေများကို ရိုးသားမှန်ကန်စွာ ထိထိရောက်ရောက် အသုံးချပြီး မိမိလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက လယ်စိုက်တောင်သူများအနေဖြင့် မိုးစပါးပြီးလျှင် လယ်နှင့်လူကို အနားမထားဘဲ ဝါ၊ ပဲနှင့် နှမ်း သင့်ရာ သီးထပ်တစ်မျိုးမျိုး စိုက်ပျိုးရန်လိုကြောင်း၊ သို့မှသာဝင်ငွေအပိုရသကဲ့သို့လယ်အတွက် မြေဆီကုန်ခန်းမှု သက်သာစေမည်ဖြစ်ကြောင်း၊ ဈေးကွက် အခြေအနေအရ စပါးဈေးကျလျှင် နစ်နာမှုမရှိအောင် စပါးကို အထွက်ကောင်းမည့် မျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးစရိတ်ကို တတ်နိုင်သမျှလျှော့ချခြင်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့လုပ်ငန်းရှင်များက အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ် ကူညီလာခြင်းအပေါ် ဒေသခံတောင်သူများ အနေဖြင့် ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန်၊ သစ္စာရှိရှိ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဖေယျာအောင်မြေ ဆန်စပါးရောင်းဝယ်ရေး အထူးပြုကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးကျော်မျိုးခိုင်က တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပံ့ပိုးရခြင်း ရည်ရွယ်ချက်များကိုရှင်းလင်းတင်ပြသည်။

ချေးငွေများပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် (ဝဲပုံ)၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အထူးပြုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတို့က စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ကြသည်။

ဒီပဲယင်းမြို့နယ် ကျေးရွာအုပ်စု (၂၀)မှ တောင်သူ ၁၂၀၀ မှ ၁၅၀၀အထိ တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀နှုန်း၊ ငွေသားနှင့် သွင်းအားစု ငွေကျပ်သိန်း ၂၀၀၀ ပံ့ပိုးပေးအပ်မည်ဖြစ်ပြီး ယနေ့ ငွေကျပ်သိန်း ၁၀၀၀ ပံ့ပိုးပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘုတလင်မြို့နယ် ဆိပ်ကမ်းသာကျေးရွာ၌ ထန်းလျက်လုပ်ငန်းရှင် ၆၀ခန့်နှင့် တွေ့ဆုံ၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး စုစည်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာ အောင်မင်္ဂလာခန်းမ၌ ပလတ်စတစ်ခြင်း ထုတ်လုပ်သူများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက် ၈ နာရီခွဲတွင် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ ငါးသုံးလုံး နို့ဆီချက်စက်ရုံသို့ ရောက်ရှိ၍ နို့ချက်စက်ရုံ၏ ကုန်ကြမ်းရရှိမှု၊ စက်လည်ပတ်နိုင်မှု၊ ကုန်ချော ထုတ်လုပ်တင်ပို့မှုတို့ကို လှည့်လည် ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့နယ် မန်ကျီးစင်ကျေးရွာ၌ ကြိမ်ထည်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

မန်ကျီးစင်ကျေးရွာ၌ ကြိမ်ထည်လုပ်ငန်းဆောင်ရွက်သူ ၂၀တို့ကလုပ်သား ၁၂၈ ဦးဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး မန္တလေး၊ နေပြည်တော်၊ လားရှိုး၊ ရန်ကုန်မြို့များသို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စစ်ကိုင်းမြို့နယ် ရွာတောင်ကျေးရွာရှိ ငွေထည်၊ကြေးထည် လက်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့ - နံနက်+နေ့လယ်+ည)

၂၆-၇-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (မေတ္တသုတ်+ ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင် ကဗျာ့အမြင် (မုဒိတာ)
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာသူ့လက်ရာ (အသားတု ကောက်ရိုးမှိုနှင့် ပဲကြာဆံသုပ်၊ ပဲပြုတ် ငါးပိချက်ပုတတ်စာသုပ်)
	တေးသီချင်း
	နေ့လယ်ခင်းသတင်း
၁၁း၀၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (သူရလင်း)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂း၄၀	ပြုံးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (ဆဋ္ဌမတန်း-ပထဝီဝင်) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မေတို့တွက်တာ အလှကမ္ဘာ (ပန်းသွေးရောင်ခြယ် မိတ်ကပ်လိမ်းခြယ်နည်း)
၁၇း၁၅	ပြောပါရစေရှင် (ပြုတဲ့ကံ)
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၄၅	စူးစမ်းရှာဖွေ ကမ္ဘာမြေ(၁၇)
၁၈း၀၀	ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀	လယ်ယာစီးပွား (အင်ပင်ရှားငရုတ်စိုက်ခင်း)
၁၈း၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ ၁။ ကြံ့စည်သမ္မာအောင်စေသော် အမှတ်(၁၁)-စံဇာဏီဘို ၂။ ရာထူးဝင်ခွင့် အင်တာဗျူးကျွမ်းကျင်မှု-အောင်ခန့်ကျော် တေးပဒေသာ
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (ယောက်ျားဗျ ယောက်ျား)
၁၉း၃၀	တေးကမ္ဘာ
၂၀း၀၀	ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၂၀	တေးစီးရီး (ပြည့်စုံပါစေ-ဘိုဖြူ) တေးပဒေသာ
၂၁း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

ချန်ဒူမြို့နှင့် ဆိုးလ်မြို့သို့ ကုန်တင်လေယာဉ် စတင်ပျံသန်း

ချန်ဒူ ဇူလိုင် ၂၄

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ချန်ဒူမြို့နှင့် တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်တို့အကြား ကုန်တင်လေယာဉ်တစ်စင်း ပုံမှန်ပျံသန်းခြင်းအဖြစ် ဇူလိုင် ၂၃ ရက်က စတင်ပျံသန်းခဲ့ကြောင်း တရုတ်အရာရှိများက ဇူလိုင် ၂၄ရက်၌ ပြောကြားသည်။

ရောက်ရှိမည်

၎င်းလေယာဉ်ခရီးစဉ်သည် ဆိုးလ်-ချန်ဒူ-စင်ကာပူ-ဆိုးလ်ကုန်တင်လေကြောင်း ခရီးစဉ်အဖြစ် ပျံသန်းရာတွင် ချန်ဒူနိုင်ငံတကာလေဆိပ်သို့ အပတ် စဉ် ဗုဒ္ဓဟူးနေ့ နံနက် ၂ နာရီ ၁၀မိနစ်တွင် ရောက်ရှိပြီး ဆိုးလ်နိုင်ငံတကာ လေဆိပ်သို့ ယင်းနေ့ ညနေ ၆နာရီ ၁၀မိနစ်၌ ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ လေယာဉ်မှာ ဘိုရင်း ၇၄၇-၄၀၀အက်ဖ်အမျိုးအစား ကုန်တင် လေယာဉ်ဖြစ်ပြီး ကုန်တန်ချိန်မက်ထရစ်တန် ၁၀၀ခန့် တင်ဆောင်ပျံသန်းနိုင်ကြောင်း သိရသည်။ *(အင်တာနက်)*

နော်ဝေပုံးခွဲမှုနှင့် ပစ်ခတ်မှု ဘရိုင်ဗစ်ခ်ဆိုသူ အဓိကတရားခံဖြစ်

အော်စလို ဇူလိုင် ၂၄

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ဇူလိုင် ၂၂ ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့် သေနတ်ပစ်ခတ်မှုတို့တွင် အဓိကတရားခံမှာ အန်ဒါဘာရင်း ဘရိုင်ဗစ်ခ်ဆိုသူဖြစ်ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၄ ရက်၌ ပြောကြားသည်။

ပါဝင်ပတ်သက်ခဲ့

အသက် ၃၂ နှစ်အရွယ်ရှိ ဘရိုင်ဗစ်ခ်သည် လူငယ်စခန်းတစ်ခု၌ လူ ၈၅ ဦး အားသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သူဖြစ်ပြီး လူ ခုနစ်ဦး သေဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှုတွင် ပါဝင်ပတ်သက်ခဲ့သူ ဖြစ်သည်။ အဆိုပါတရားခံ ဘရိုင်ဗစ်ခ်အား အော်စလိုမြို့ အနောက် မြောက်ဘက် ယူတိုးယားအမည်ရှိကျွန်းပေါ်၌ ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီး ထားပြီး ဇူလိုင် ၂၅ရက်တွင် ရုံးထုတ်စစ်ဆေးမည်ဖြစ်ရာ ၎င်း၏ ရှေ့နေဖြစ်သူက ဘရိုင်ဗစ်ခ် အနေဖြင့် ဖြစ်စဉ်အမှန်ကို တရားရုံးတွင် သူကိုယ်တိုင် ထွက်ဆိုဖွယ် ရှိကြောင်း ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ပုတ်သင်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်း တရုတ်နိုင်ငံ၌တွေ့ရှိ

လန်ဒန် ဇူလိုင် ၂၄

နှစ်သန်းပေါင်း ၁၂၀ သက်တမ်းရှိ သားလောင်းများလွယ်ထားသည့် ပုတ်သင်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**

တရုတ်နိုင်ငံတွင် တွေ့ရှိခဲ့သော ထို ၁၂ လက်မရှည်သည့် ပုတ်သင်ကျောက်ဖြစ်ရုပ်ကြွင်း၏ ဝမ်းဗိုက်အတွင်း၌ တစ်ဒါဇင်ကျော် သန္ဓေသားလောင်းများ ပါရှိနေသည်ကို ပြည့်ပြည့်စုံစုံတွေ့ရှိရသည်။ ထိုပုတ်သင်သည် မွေးဖွားခါနီးရက်ပိုင်းအလိုတွင် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု လန်ဒန်ယူနီဗာစီတီကောလိပ်မှ သုတေသနပညာရှင်အုပ်စုက ၎င်းတို့၏ လေ့လာတွေ့ရှိချက်ကို ဂျာနယ်တစ်စောင်တွင် ဖော်ပြသည်။



သန္ဓေသား

အဆိုပါ ပုတ်သင်ကျောက်ဖြစ်ရုပ်ကြွင်းသည် တွားသွားအုပ်စုဝင် သတ္တဝါဖြစ်သော်လည်း ဥ ဥရမည့်အစား သန္ဓေသားလောင်းများဝမ်းတွင် လွယ်ထားသဖြင့် သိပ္ပံပညာရှင်များအတွက် အထူးပင် စိတ်ဝင်စားစရာဖြစ်စေသည့် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြထားသည်။

"သားလောင်းလေးတွေရှိနေတာ အသေအချာပါပဲ။ မိုက်ခရိုစကုပ်နဲ့ကြည့်တဲ့အခါ မှ ပုတ်သင်သားပေါက်လေးတွေကို ကျွန်မတွေ့လိုက်ရတာဖြစ်ပါတယ်"ဟု ယခုရုပ်ကြွင်းအကြောင်းစာတမ်းရေးရာတွင် ဦးစီးခဲ့သူ လန်ဒန်ယူနီဗာစီတီကောလိပ်မှ ပရော်ဖက်ဆာ ဆူဆန်အီဗန်က ပြောကြားသည်။

ကောင်းစွာကြီးထွားနေပြီဖြစ်သည့် သားလောင်း အနည်းဆုံး ၁၅ ကောင်နီးပါးကို ရှာတွေ့ကြောင်း ယင်းသုတေသနအဖွဲ့ကပင် ပြောကြားသည်။

အဆိုပါ ပုတ်သင်ရုပ်ကြွင်းကို တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင်ရှိသည့် ဂျီဟိုး ကျောက်ဆောင်များတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းနေရာရှိ ထုံးကျောက်ဆောင်ကို တူးဆွရာမှ ရုပ်ကြွင်းပေါင်းများစွာကို ရရှိခဲ့သည်။ ဒိုင်နိုဆောရုပ်ကြွင်းများအပါအဝင် ငါးရုပ်ကြွင်းများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်း တွားသွားသတ္တဝါများ၊ ငှက်များ၊ နို့တိုက်သတ္တဝါနှင့် အပင်ရုပ်ကြွင်းများ ရာနှင့်ချီ၍တူးဖော်ရရှိခဲ့သည်။ **(အင်တာနက်)**

ဆိုမာလီပင်လယ်ဓားပြတိုက်မှုနှစ်ခု အီရန်ရေတပ် ကာကွယ်ပေးနိုင်

တီဟီရန် ဇူလိုင် ၂၄

ဆိုမာလီကမ်းလွန်ဒေသတွင် အီရန်ရေတပ်သင်္ဘောအုပ်က ကုန်သင်္ဘောတစ်စင်းနှင့် အီရန်ရေနံတင်သင်္ဘောတစ်စင်းတို့ကို ပင်လယ်ဓားပြရန်မှ ကာကွယ်ပေးနိုင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

အီရန်ရေနံတင်သင်္ဘော အဘာဒေး ဇူလိုင် ၂၂ ရက်က ဘက်အယ်မန်ဒက်ရေလက်ကြားကိုဖြတ်စဉ် ပင်လယ်ဓားပြရေယာဉ်ခုနစ်စင်းက တိုက်ခိုက်ခဲ့ရာ အီရန်ရေတပ်က ခြောက်လှန့်ပစ်ခတ်သဖြင့် ပင်လယ်ဓားပြများ လက်လျှော့သွားသည်။ ထိုဒေသတွင် ဇူလိုင် ၂၁ရက်က ကုန်သင်္ဘောကို ပင်လယ်ဓားပြရေယာဉ်ခုနစ်စင်းက တိုက်ခိုက်သော်လည်း အာဖရိကအရှေ့မြောက်ပိုင်း ပင်လယ်ကူးသင်္ဘောများ ခုတ်မောင်းသည့်နေရာကို ကင်းလှည့်သည့် အီရန်ရေတပ် သင်္ဘောတစ်စင်း ရောက်ရှိလာပြီး တိုက်ခိုက်ခဲ့သည့်အတွက် ပင်လယ်ဓားပြများ ထွက်ပြေးကြသည်။ နာရီအနည်းငယ်အကြာတွင် ထိုကုန်သင်္ဘောကိုပင်ပင်လယ် ဓားပြရေယာဉ် ၁၆စင်းက တိုက်ခိုက်ခဲ့ပြန်သည်။ သို့သော် အီရန်ရေတပ်နှင့် တိုက်ပွဲဖြစ်ရာ ပင်လယ်ဓားပြတစ်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နောက်ဆုံးရနိုင်ငံတကာသတင်း**

တရုတ်နိုင်ငံ၌ သေပျောက်မှုအများဆုံး ရထားတိုက်မှုဖြစ်ပွား

ဝမ်ကျိုး ဇူလိုင် ၂၄

တရုတ်နိုင်ငံအရှေ့ပိုင်း ရှင်ကျင့်ပြည်နယ်၌ ဇူလိုင် ၂၃ ရက် ညမှောင်စပျိုးချိန်တွင် အမြန်ရထားတစ်စင်းက ရပ်ထားသော ရထားတစ်စင်းကို ဝင်တိုက်ခဲ့ရာ သေဆုံးသူ ၃၅ ဦးရှိပြီး ၂၁၀ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်အရေးပေါ် ကယ်ဆယ်ရေးရုံးက ပြောကြားသည်။

ဝမ်ကျိုးမြို့အနီး တံတားပေါ်၌ ရထားနှစ်စင်း တိုက်မှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးပြုလုပ်နေကြသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံခြားသားနှစ်ဦးအပါအဝင် ၃၅ ဦး သေဆုံးခဲ့ကြောင်းကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါအရေးပေါ်ကယ်ဆယ်ရေးရုံးက အတည်ပြုနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ထိုအတောအတွင်း သေဆုံးသူ ၁၉ ဦးမှာ မည်သူမည်ဝါဖြစ်ကြောင်းကို အတည်ပြုပေးနိုင်ခဲ့သည်ဟု ဆိုသည်။

ဖော်ပြထား

အဆိုပါဖြစ်စဉ်မှာ ရှင်ကျင့်ပြည်နယ် ဝမ်ကျိုးမြို့အနီး တံတားတစ်စင်းပေါ်၌ ဒေသစံတော်ချိန် ည ၈ နာရီ ၂၇ မိနစ်တွင် အမြန်ရထား အမှတ် ဒီ ၃၀၁ သည် မိုးကြိုးပစ်ခံရသဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ကာ မောင်းနှင်၍ မရတော့ဘဲ ရပ်တန့်နေသည့် ဒီ ၃၁၁၅ ကျည်ဆန်ရထားကို နောက်မှ ဝင်တိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဒီ ၃၀၁ မှ ရထားတွဲလေးတွဲ တံတားအောက်သို့ကျပြီး ဒီ ၃၁၁၅ ရထားမှ ရထားတွဲနှစ်တွဲ လမ်းချော်သွားခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

"ဒီရထားတိုက်မှုမှာ ဒီ ၃၀၁ အမြန်ရထားဟာ ပေကျင်းမြို့ကနေ ဖူကျန်းပြည်နယ် ဖူကျိုးမြို့အရှေ့တောင်ပိုင်းသို့ ဦးတည်ခုတ်မောင်းခဲ့တဲ့ ရထားဖြစ်ပါတယ်၊ ဒီအချိန်မှာ ဒီ ၃၁၁၅ ရထားဟာ ရှင်ကျင့်ပြည်နယ် မြို့တော် ဟန်ကျိုးမြို့ကနေ ဖူကျိုးမြို့အသွား တိုက်မိခဲ့တာဖြစ်ပါတယ်၊ ဇူလိုင် ၂၄ ရက် ည ၆ နာရီအထိတော့ ဟန်ကျိုးမှ ရထား ၅၈ စင်း ခုတ်မောင်းသွားလာမှု ရပ်ဆိုင်းထားရတယ်"ဟု ဟန်ကျိုးမီးရထားတာဝန်ရှိသူများက ပြောကြားသည်။

နေ့စဉ် ဖူကျိုးမြို့မှ ဝမ်ကျိုးကိုဖြတ်သန်းပြီး ဟန်ကျိုးမြို့သို့ ပြေးဆွဲနေသည့် အမြန်ရထား အစင်း ၃၀ရှိကြောင်း သိရသည်။ မီးရထားတာဝန်ရှိသူများက အဆိုပါရထားတိုက်မှုဖြစ်ပွားရာနေရာမှ ဒဏ်ရာရခရီးသည်များကို နီးစပ်ရာဆေးရုံများသို့ ပို့ထားပြီး သောင်တင်နေသည့် ခရီးသည်များအား ယာယီ ကယ်ဆယ်ရေးရထား နှစ်စင်းဖြင့် လိုရာခရီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း တရုတ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဤရထားတိုက်မှုဖြစ်စဉ်ကြောင့် ရပ်ဆိုင်းထားသော ရထားများမှ ခရီးသည်များအတွက် လက်မှတ်ဖိုးများ ပြန်ပေးရန် မီးရထားဝန်ကြီးဌာနက ကတိပြုပြောကြားလိုက်သည်။

ယင်းရထားတိုက်ရာနေရာသို့ တရုတ်ဒုတိယသမ္မတနှင့်အဖွဲ့သွားရောက်စစ်ဆေးခဲ့ပြီးနောက် သမ္မတဟူကျင်ထောင်နှင့် ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့ကလည်း ခရီးသည်များအား အမြန်ဆုံးကယ်ဆယ်မှုပြုလုပ်ပေးရန် တိုက်တွန်းလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဝမ်ကျိုးမြို့အနီး တံတားပေါ်၌ ရထားတိုက်မှုဖြစ်ပွားမှုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)



ကောင်းမြတ်သူ ◆ ရေးသားသည်

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် – စုစည်းသည်

အီရန်နျူကလီးယားပညာရှင်တစ်ဦး လုပ်ကြံခံရ

တီဟီရန် ဇူလိုင် ၂၄

အီရန်နိုင်ငံ တီဟီရန်မြို့ အရှေ့ပိုင်းတွင် အီရန်နျူကလီးယားပညာရှင်တစ်ဦး ဇူလိုင် ၂၃ရက် ညနေပိုင်းက လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ မိုဟာတ်အာဒီဘီလီတက္ကသိုလ်မှ နျူကလီးယားသိပ္ပံပညာရှင် ဒေါက်တာဘွဲ့ရ ပါမောက္ခ ဒါရွက်စ်ရာဇိုင်းသည် ဇနီးဖြစ်သူနှင့် အိမ်တွင်ရှိစဉ် မော်တော်ဆိုင်ကယ်စီး လက်နက်ကိုင်များက အိမ်ရှေ့မှ ပစ်ခတ်လုပ်ကြံသွားခြင်းဖြစ်သည်။ ဇနီးဖြစ်သူမှာ အသက်ရှင်ကျန်ရစ်သော်လည်း ဒဏ်ရာရရှိသဖြင့် ဆေးရုံတင်ထားရကြောင်း သိရှိရသည်။ **(အင်တာနက်)**

ရှေးခေတ်စစ်သုံးရေဘူး တရုတ်ပြည်မြောက်ပိုင်းတွင်တွေ့ရှိ

ကျန်ပင်း ဇူလိုင် ၂၄

ရှေးခေတ်စစ်သုံးရေဘူးကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ် ဂရိတ်ဝေါ တံတိုင်းကြီးနားရှိ ကွီလင်တောင်တန်း မြောက်ဘက်ဂေါင်ပင်မြို့နှင့် လင်ချောင် စီရင်စုကြားတွင် တူးဖော်တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသန ပညာရှင်များက ဇူလိုင် ၂၄ ရက်က ပြောကြားသည်။ ထိုရှေးခေတ်စစ်သုံးရေဘူး၏ ခန့်မှန်း သက်တမ်းမှာ နှစ် ၂၂၀၀ ခန့် ရှိပြီဖြစ်ကြောင်း သိရှိရသည်။ *(အင်တာနက်)*

ပါကစ္စတန်တွင် အသေခံဗုံးဖောက်ခွဲ

အစ္စလမ္မာဘတ် ဇူလိုင် ၂၄

ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ရှိ ချက်စ်မဲလ်လာမြို့ စစ်ဆေးရေး ဂိတ်စခန်းတစ်ခုအနီး အကြမ်းဖက်သမားတစ်ဦး အသေခံဗုံးဖောက်ခွဲခဲ့သဖြင့် စစ်သားတစ်ဦးသေဆုံးခဲ့သည်။ ယင်းအသေခံဗုံးခွဲမှုသည် ဇူလိုင် ၂၄ ရက်က ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး ဒဏ်ရာရစစ်သားခုနစ်ဦးရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ကင်းလှည့်ရဲကားကို လေးမြားဖြင့်တိုက်ခိုက်ခဲ့သူအား ဖမ်းဆီး

နီဝက်ခ် ဇူလိုင် ၂၄

ဗြိတိန်နိုင်ငံ နော့တင်ဟမ်ရှိုင်းယားပြည်နယ် နီဝက်ခ်မြို့အတွင်း ကင်းလှည့်နေသည့် ရဲကားကို လေသေနတ်နှင့်အတူ လေးနှင့်မြားပါသုံးကာ တိုက်ခိုက်သူတစ်ဦးကို ဖမ်းဆီးထားကြောင်း ဇူလိုင် ၂၃ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ ဗြိတိန်စံတော်ချိန် ဇူလိုင် ၂၂ရက် ညနေ ၄နာရီခန့်က တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ကားမှန်များ ကွဲခဲ့သော်လည်း ဒဏ်ရာရသူမရှိကြောင်း၊ တိုက်ခိုက်သူအားဖမ်းဆီးရာ၌ ရပ်ကွက်နေသူများက များစွာအကူအညီပေးခဲ့ကြောင်း၊ တိုက်ခိုက်သည့် အကြောင်းအရင်းကို စစ်ဆေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ *(အင်တာနက်)*

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ (မော်လမြိုင်ဇုန်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

မွန်ပြည်နယ်အတွင်း စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး၊ စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသို့ စက်သုံးဆီများ လုံလောက်စွာရောင်းချနိုင်ရေးရည်ရွယ်၍ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

မှာကြား

ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာ၌ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်ရှင်များအနေဖြင့် ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် စက်သုံးဆီများ လုံလောက်စွာ ရောင်းချပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရောင်းဆိုင်များ ဖွင့်လှစ်သွားရန်၊ လောင်စာဆီဖြစ်ခြင်းကြောင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးနိုင်လဝီအောင်က ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ရေနံရောင်းဝယ်ရေး အရာရှိကစက်သုံးဆီ အရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၂၂ ရက်တွင် မော်လမြိုင်တက္ကသိုလ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ(မော်လမြိုင်ဇုန်)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ်က အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယခင်နှစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဗိုင်းဆု ဆွတ်ခူးရရှိခဲ့သော မော်လမြိုင်တက္ကသိုလ်အသင်းက ဗိုင်းဆုကြီးကို ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌထံ ပြန်လည်အပ်နှံပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အားကစားပြိုင်ပွဲ(မော်လမြိုင်ဇုန်) ကျင်းပနိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ကာ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အတိုက်ပြိုင်ပွဲ တံခွန်စိုက်ဆု တိုက်ဂါးကလပ်အသင်းရရှိ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူသစ်တန်းတိုက်ကွမ်ဒို ဖိတ်ခေါ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း တိုက်ကွမ်ဒိုအားကစားခန်းမ၌ကျင်းပသည်။

ဆုပေးပွဲ အခမ်းအနားတွင် ဝိတ်တန်းအလိုက်ဆုများကို ကလပ်အသင်းတာဝန်ခံများ၊ ကကွက်ဆုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားပြု တိုက်ဂါးကလပ်အသင်းတာဝန်ရှိသူအား အားကစားနှင့် ကာယပညာဦးစီးဌာနကော်မတီအတွင်းရေးမှူး ဦးလှမြင့်နှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြသိန်းတို့က ချီးမြှင့်ကြသည်။

ဆက်လက်၍ အကောင်းဆုံးအမျိုးသား အားကစားသမားဆု ရရှိသော ရာကုတ်(ဝယ်လ်ဆင် ကလပ်အသင်း)၊ အကောင်းဆုံး အမျိုးသမီး အားကစားသမား ဆုရရှိသော မလင်းဇာနည် (လီဆူးရှင်းကလပ်အသင်း)တို့အား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးဂျေဂန်ဖမ်က ဆုများချီးမြှင့်သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ
တင်စိုး (မြန်မာ့အလင်း)

ဆုချီးမြှင့်

ထို့နောက် အတိုက်ပြိုင်ပွဲ တံခွန်စိုက်ဗိုင်းဆုကို ရွှေ-၈၊ ငွေ-၂၊ ကြေး-၂ ဖြင့် တိုက်ဂါးကလပ်အသင်းမှ ရရှိပြီး ကကွက်တံခွန်စိုက်ဗိုင်းဆုကို ရွှေ-၃၊ ငွေ-၁၊ ကြေး-၁ ဖြင့် အောင်ဆန်း A ကလပ်အသင်းမှရရှိသဖြင့် အတိုက်တံခွန်စိုက်ဗိုင်းဆုနှင့် ကကွက်တံခွန်စိုက်ဗိုင်းဆုကို မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်းက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အတိုက်ပြိုင်ပွဲတွင် အသင်းလိုက် တံခွန်စိုက်ဆုရရှိသွားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားပြု တိုက်ဂါးတိုက်ကွမ်ဒို ကလပ်အသင်း အုပ်ချုပ်သူ၊ နည်းပြချုပ်နှင့် ကစားသမားများကို ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းသားအသစ်များ လေ့ကျင့်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၄

အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအုန်းမြင့်ဦးတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ မိုးလုံလေလုံဘော်လီဘော အားကစားရုံ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ သင်တန်းသားအသစ်များ လေ့ကျင့်နေမှုနှင့် ကြံ့ခိုင်ရေးဆန်းစစ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းများ ညွှန်ချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂) မီးသတ်တပ်ဖွဲ့စခန်းတို့သို့ သွားရောက်၍ မီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေမှု၊ ပင်မ(၅)ယူနစ် မီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်များ သန့်ရှင်းသာယာလှပရေး၊ မီးသတ်ယာဉ်/စက်များ ကြံ့ခိုင်ရေးနှင့် အသင့်ရှိရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းမှာကြား

ယင်းသို့ စစ်ဆေးရာတွင် ညွှန်ကြားရေးမှူးချုပ်က ပြည်သူလူထုအား အကူအညီပေးရန် မိမိတို့တွင် အမြဲတာဝန်ရှိသည်ဟူသော စိတ်ဓာတ်ထားရှိကြရန်၊ မီးသတ်တပ်ဖွဲ့ဝင်တိုင်းတွင် လက်တွေ့ကျသော စီမံချက်များထားရှိပြီး ကြိုတင်လေ့ကျင့်ထားကြရန်၊ ပိုမိုလုံခြုံစိတ်ချရသော ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်း ဖြစ်လာစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်များအား မြှင့်တင်သွားကြရန်တို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြောက်မက်ဖွယ် အမေရိကန် အပူလှိုင်း

ဘော်စတွန် ဇူလိုင် ၂၄

ယခုရက်ပိုင်းတွင် အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသများသို့ အပူလှိုင်းများ ဝင်ရောက်ဖြတ်သန်းလျက်ရှိသဖြင့် အဆိုပါဒေသနေပြည်သူများ ချွေးပြိုက်ပြိုက်ကျအောင် အပူဒဏ်ကို ခံစားနေရကြောင်း၊ ထို့ကြောင့် ကမ်းခြေများ၊ ရေကူးကန်များနှင့် လေအေးပေးစက်များရှိသည့် စတိုးဆိုင်ကြီးများတွင် လူအများဖြင့် ပြည့်နှက်နေလျက်ရှိကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

အဆိုပါ အပူလှိုင်းဒဏ်ကို အမေရိကန်၏ အရှေ့ဘက်ကမ်းခြေရှိ နယူးယောက်၊ ဝါရှင်တန်၊ ဘော်စတွန်၊ ဖီလာဒီဖီးယား၊ ရစ်ချ်မန်းမြို့ကြီးများမှ ပြည်သူများ အများဆုံး ခံစားနေကြရပြီး နယူးယောက်မြို့၏ ဗဟိုပန်းခြံတွင် အပူချိန် ၁၀၂ ဒီဂရီဖာရင်ဟိုက်အထက်တွင် ရှိကြောင်း သိရသည်။ ထိုအပူချိန်မှာ ၁၉၅၇ ခုနှစ်က ရှိခဲ့သည့် ၁၀၁ ဒီဂရီဖာရင်ဟိုက်ထက် မှတ်တမ်းဝင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

*မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက **"အဲဒီအပူလှိုင်းဟာ အမေရိကန် အရှေ့ဘက်ကမ်းခြေဒေသရဲ့ တစ်ဝက်ကျော်မှာ နောက်တစ်ပတ်အထိ ဆက်လက်တိုက်ခတ်နေဦးမှာဖြစ်ပါတယ်"** ဟု ပြောကြားခဲ့သည်။*

ပြောကြားခဲ့

*အဆိုပါဒေသရှိ ပစ်စဘတ်မြို့မှ အလုပ်သမားတစ်ဦးဖြစ်သူ ဘရီယန်ဟီလ်လတ်က သူ့ခန္ဓာကိုယ်ပေါ်မှာ အဆက်မပြတ်ကျနေတဲ့ ချွေးတွေကို သုတ်ရင်း **"အခုကျွန်တော်တို့တစ်တွေ ပူလွန်းလို့ ရေကို အဆက်မပြတ်သောက်နေရတာ ဂါလန်ပေါင်း မနည်းတော့ဘူး၊ သက်ဆိုးမှုရှည်ပါ့မလား မသိဘူး"** ဟု ညည်းတွားကာ ပြောကြားခဲ့သည်။*

ယခုအခါ အပူလှိုင်းမှာ အမေရိကန် အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဆက်လက်တိုက်ခတ်လျက်ရှိရာ ပြည်နယ် ၁၀ ခုတွင် အပူဒဏ်ကြောင့် ၃၄ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၌ အပူလှိုင်းဒဏ်ကြောင့် သေဆုံးသူများ ထပ်မံတိုးပွားလာဖွယ်ရှိသည်။ အပူချိန်မှာ ၁၀၂ ဒီဂရီဖာရင်ဟိုက်အထက် မြင့်တက်နေဆဲဖြစ်သည်။

သတင်းမှတ်စု - တိုး

အန္တရာယ်ရှိသည့် အဆင့်သို့ ရောက်ရှိသည့် အပူလှိုင်းသည် အရှေ့ဘက်သို့ ဦးတည်ရွေ့လျားနေပြီး အမေရိကန် အရှေ့ပိုင်းဒေသများတွင် လာမည့် ရက်သတ္တပတ်အထိ ရှိနေနိုင်သည်ဟု အမေရိကန် အမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင်အလီဂျက်ကလည်း ဇူလိုင် ၂၄ ရက်က ပြောကြားသည်။

ဝေဖန်ပြောကြား

အမေရိကန်နိုင်ငံတွင် အပူလှိုင်းမှာ ရာသီဥတုနှင့် နှီးနွှယ်ပတ်သက်၍ လူ့အသက်ဆုံးရှုံးစေသည့် သဘာဝအန္တရာယ်များတွင် နံပါတ် (၁) ရန်သူဖြစ်သည်ဟုလည်း ဂျက်က ဝေဖန်ပြောကြားသည်။

၂၀၀၇ ခုနှစ် ဩဂုတ်လလယ်ကလည်း ရက်သတ္တနှစ်ပတ်ကြာ အပူလှိုင်းဒဏ်ကြောင့် အမေရိကန်နိုင်ငံ၌ လူ ၅၀ ခန့် သေဆုံးခဲ့သည်။

ကမ္ဘာမြေကြီး၏ အပူချိန်မှာ ၂၁ရာစုကုန်အထိ အကြီးအကျယ် မြင့်တက်နိုင်ကြောင်း၊ မိုးခေါင်ခြင်း၊ ရေလွှမ်းခြင်း၊ မုန်တိုင်းကျခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ရောဂါဘယ ထူပြောခြင်းနှင့် အိုးမဲ့ အိမ်မဲ့ဖြစ်ခြင်းစသည့် နောက်ဆက်တွဲ ဆိုးကျိုးများ ကြုံတွေ့လာနိုင်ကြောင်း ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးခဲ့ဖူးသည်။

ပျက်စီးခဲ့

*မြောက်အမေရိကတိုက်၏ ခေတ်သစ်သမိုင်းတွင် အဆိုးဆုံးအပူလှိုင်းကျရောက်မှုကို ၁၉၃၆ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်စဉ်က ကြုံတွေ့ခဲ့ရသည်။ ထိုနှစ်နွေရာသီက အပူဒဏ်ကြောင့် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့၌ ပြည်သူ ၅၀၀၀ ကျော် သေကျေပျက်စီးခဲ့ရကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ။ **ကိုးကား-အင်တာနက်***

အမေရိကန်နိုင်ငံ၌ အပူလှိုင်းကျရောက်မှုကြောင့် ပြည်သူများ အပူဒဏ်သက်သာစေရန် ကမ်းခြေတစ်နေရာတွင် အပန်းဖြေနေကြစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လှိုင်သာယာစက်မှုဇုန် (၄)ရှိ Great International Fisheries Ltd. ၏ နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စက်မှုဇုန်များဖွံ့ဖြိုးမှုက အထောက်အကူပြုမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ အကောင်အထည်ဖော်မှု အခြေအနေနှင့် စပ်လျဉ်းသည့် လေ့လာတင်ပြရေးအဖွဲ့သုံးဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ရက် မွန်းလွဲ ၁ နာရီက လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေ့လာတင်ပြရေးအဖွဲ့သုံးဖွဲ့မှ ဥက္ကဋ္ဌများနှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် စက်မှုကဏ္ဍ ရည်မှန်းချက် ပြည့်မီပါက တိုင်းဒေသကြီး၏ စီးပွားရေး ရည်မှန်းချက်ပြည့်မီရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းထားသည့် လေ့လာတင်ပြရေးအဖွဲ့ သုံးဖွဲ့ အနေဖြင့် ၂၀၁၅ ခုနှစ် AFTA တွင် စက်မှုဇုန်များ တွေ့ကြုံရမည့် အနေအထား၊ ရင်ဆိုင်ကျော်လွှားနိုင်မည့်အခြေအနေများကို စဉ်ဆက်မပြတ်လေ့လာ၍ ကြိုတင်ပြင်ဆင်ရန်၊ သုံးသပ်တင်ပြကြရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ရေးတွင် စက်မှုဇုန်များ ဖွံ့ဖြိုးမှုက အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသွင်းကုန် အစားထိုးနိုင်ရန်၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက စက်မှုဇုန် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးတို့က ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လှိုင်သာယာစက်မှုဇုန် (၄)ရှိ Great International Fisheries Co., Ltd. ၏ နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံနှင့် စက်မှုဇုန်(၃)ရှိ GP ဘက်ထရီစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဝါးခယ်မမြို့နယ်၌ကျင်းပ

ဝါးခယ်မ ဇူလိုင် ၂၄

ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက် နံနက် ၇ နာရီက မြို့ပတ်လမ်းဘေးဝဲယာတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစောမြသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကျိုင်းတုံမြို့နယ်၌ ညှိနှိုင်းစည်းဝေး

ကျိုင်းတုံ ဇူလိုင် ၂၄

ကျိုင်းတုံခရိုင် မိုးရာသီလယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း **(အောက်ဝဲပုံ)** က မိုးစပါးနှင့် မိုးသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်းနှင့်မိုင်းလားမြို့နယ်များမှ အုပ်ချုပ်ရေးမှူးများက လယ်ယာကဏ္ဍ စိုက်ပျိုး ထုတ်လုပ်မှုနှင့် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက မိုးစပါးနှင့် မိုးသီးနှံများစိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဥတုရာသီ တောကိုမှီ၏

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပူတာအိုခွဲ ဟောပြောပွဲ ကျင်းပ

ပူတာအို ဇူလိုင် ၂၄

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူခင်းကျဆင်းရေးနှင့် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီက ပူတာအို အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးအရာရှိ ရဲမှူးလှရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးတင်ဝင်းက မှုခင်းကျဆင်းရေးကိုလည်းကောင်း၊ ခရိုင်တရားသူကြီး ဦးအောင်မြသိန်းက ဥပဒေများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာသိန်းဝင်းက ကျောင်းကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၁၀၆(အေ)နေ ကိုကျော်ကျော် (ကျော်ကျော်-စက်မှုတက္ကသိုလ်)-မဆွေဇင်ဖြူဝင်းမိသားစုက မောင်ကောင်းသန့်ကျော်၏ တစ်နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တည်ဆောက်ဆဲ ရွှေမန်းသုံးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် ၁၀၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးအဖွဲ့ ဦးထွန်းကြည်နှင့် ဦးဝင်းမြင့်တို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းအတိုအထွာ ၂၄-၇-၂၀၁၁

သီပွံနည်းကျစိုက်ပျိုးနည်း ကန့်ဘလူ၌ပညာပေးဟောပြော

စပါးတစ်ဧက အထွက်နှုန်း တင်း ၁၀၀ အထက်ထွက်ရှိရေးအတွက် သီပွံနည်းကျစိုက်ပျိုးနည်း (၁၄)ချက်ဖြင့်စိုက်ပျိုးရန်ပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းမန်နေဂျာ ဦးသိန်းဝင်း၊ တိုင်းဒေသကြီးမြေအသုံးချရေးတာဝန်ခံ ဒေါ်ချိုချိုမာ၊ ရွှေဘိုခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်၊ ရွှေဘိုခရိုင် ပိုးမွှားတာဝန်ခံ ဒေါ်ရီရီသိန်း၊ ရွှေဘိုခရိုင် မျိုးစေ့တာဝန်ခံ ဦးအောင်မြင့်တို့က စပါးတစ်ဧက အထွက်နှုန်း တင်း ၁၀၀ အထက်ထွက်ရန် လိုက်နာဆောင်ရွက်ရမည့် အချက် (၁၄)ချက်ကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ (၀၂၇)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကျွန်းစုမြို့နယ်၌ ဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟစိုးနှင့်အဖွဲ့သည် ဇူလိုင် ၂၀ ရက်က မြို့နယ်အတွင်းသတ်မှတ်နေရာများ၌ လျှပ်စစ်အန္တရာယ်သတိပေး မြေစိုက်ပိုစတာ စိုက်ထူခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ *(သတင်းစဉ်)*

မိုးကောင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့နယ် ကံလှကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲလွင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်နှင့် ကံ့ကော် စသည့် ပျိုးပင် ၅၀၇ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၀၆၂)**

စာရေးကိရိယာနှင့် ပညာသင်စရိတ်အောင်မြေသာစံ၌ ထောက်ပံ့

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၂ ရက် နံနက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၈၆ လမ်းထောင့် ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက် အစည်းအဝေးခန်းမ၌ကျင်းပရာ တက္ကသိုလ်အဆင့် ငါးဦး၊ အထက်တန်းအဆင့် ၁၀ ဦး၊ အလယ်တန်းအဆင့် ၁၀ ဦးနှင့် မူလတန်းအဆင့် ခုနစ်ဦးတို့အား ဗလာစာအုပ် နှစ်ဒါဇင်စီနှင့် ငွေသားများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ *(၀၂၆)*

ဧရာဝတီမြစ်ရေတိုက်စားမှု ဟင်္သာတ၌စုပေါင်းကာကွယ်

ဟင်္သာတမြို့နယ် ဧရာဝတီမြစ်ကမ်းဘေးရှိ စစ်ကုန်းကျေးရွာအုပ်စု ရေလယ်သောင်ကျေးရွာတွင် ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် အလျားပေ ၄၀၀၊ အနံပေ ၁၂၀ ခန့် သဲသောင်မြေများ ကမ်းပြိုကမ်းစားဖြစ်ပွားခဲ့သည်။ ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကမ်းပြိုကမ်းစားနှင့်ထိစပ်၍ အန္တရာယ်ရှိနိုင်သော တဲငယ် ၁၈ လုံး၊ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၆၆ ဦးတို့အား ချက်ချင်းဘေးကင်းရာသို့ ရွှေ့ပြောင်းစေခဲ့ပြီး ကမ်းပြိုကမ်းစားလျော့ပါးစေရေးအတွက် ချုံချခြင်း၊ ဝါးဒလက်များချထားခြင်း၊ ရေလမ်းကြောင်းလွှဲပြောင်းခြင်းများကို ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(၀၇၅)**

မိုးစပါးသီပွံနည်းကျစိုက်ပျိုးနည်း ပျဉ်းမနား၌သရုပ်ပြ

ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာ တောင်သူ ဦးလှအောင်၏ မိုးစပါးစိုက်လယ်မြေတွင် မနောသုခ၊ ဆင်းသုခနှင့် သုခမွှေးစပါးမျိုးများကို စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက်ထွက်ရန်ဆောင်ရွက်သည့် ပေါင်စနစ်ဖြင့်ပျိုးထောင်၍ သီပွံနည်းကျစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင် ၁၈ ရက် နံနက်က ကျင်းပသည်။ သရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများတက်ရောက်ကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်းသိရှိရသည်။ *(၄၀၄)*

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ ဒုတိယအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၇ရက် နံနက်က ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ခရိုင်မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့်တာဝန်ရှိသူများက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်သူ ကျောင်းသားကျောင်းသူ ၃၃ဦး အား ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၄၃၅)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ မိုးညှင်း၌ကျင်းပ

ကချင်ပြည်နယ် မိုးညှင်းခရိုင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်က မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ *(ခရိုင် ပြန်/ဆက်)*

အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီခွဲက ကျင်းပရာ သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက် အမှာစကားပြောကြားသည်။ **(ယာဝုံ)**

အဆိုပါ အစည်းအဝေးသို့ နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေး ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများမှ သက်ဆိုင်ရာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်၊ ကွန်ပျူတာနှင့် ပရိဘောဂများ ကျိုင်းတုံ၌ လှူဒါန်းပွဲကျင်းပ

ကျိုင်းတုံ ဇူလိုင် ၂၄

ကျောင်းဆောင်၊ ကွန်ပျူတာနှင့် ပရိဘောဂများလှူဒါန်းပွဲကို ဇူလိုင် ၄ ရက် နံနက်က ကျိုင်းတုံအမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ လှူဒါန်းပွဲတွင် အခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးပီတာသောင်းစိန်နှင့် လက်ထောက်ပညာရေးမှူး ဦးညွန့်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးပီတာသောင်းစိန်၊ ဦးအားဖာ၊ ဖာသာစတီဗင်အားနို တို့က ငွေကျပ်သိန်း ၂၀၀ ခန့် တန်ဖိုးရှိသော ကွန်ပျူတာ၊ ပရိဘောဂ၊ ကျောင်းသန့်စင်ခန်း၊ ကျောင်းတံခါးမကြီး၊ ချို့တဲ့ကျောင်းသားများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနုယဉ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟိုပန်မြို့၌ အသိပညာပေးဟောပြော

ဟိုပန် ဇူလိုင် ၂၄

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ အခြေခံပညာ အထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှဖေက အမှာစကားပြောကြားပြီး **(အောက်ဝဲပုံ)** မြို့နယ်ပညာရေးမှူးက ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဟောပြော

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (၄၀၂)



သရုပ်ပြလေ့ကျင့်

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးပတ်လည် မီးသတ်ရေတိုင်များမှ ရေရယူပြီး သရုပ်ပြလေ့ကျင့်နေမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ငါးမျိုးစိုက်ထည့်ပွဲ မော်လမြိုင်ကျွန်း၌ ကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ငါးသယံဇာတတိုးပွားရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် သဘာဝမြစ်ချောင်းရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ ရာဇဗိုင်တံတားအမှတ်(၂)အနီးရှိ ရာဇဗိုင်သဘာဝမြစ်ချောင်းရေပြင်၌ ကျင်းပသည်။

စိုက်ထည့်ပေး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးမြင့်အေးနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ထိုင်းငါးခုံးမကြီးကောင်ရေသုံးသိန်းကို သဘာဝမြစ်ချောင်းရေပြင်အတွင်း စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝဖ၅)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လမိုင်းမြို့၌ကျင်းပ

ရေး ဇူလိုင် ၂၄

ရေးမြို့နယ် လမိုင်းမြို့ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲက တောင်ဘုံစံပြကျေးရွာ ကျေးရွာချင်းဆက်လမ်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းတို့က ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဖြန့်ဝေပေးပြီး **(အောက်ပုံ)** ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးခဲ့

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျေးရွာချင်းဆက် လမ်းဘေးဝဲယာတစ်လျှောက်၌ ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ ရေတမာ၊ စိန်ပန်း၊ ခရေ၊ ငုဝါ၊ စွယ်တော်၊ ကရက်စီကာ ပါရှားနှင့် ဆီသပြေ စုစုပေါင်း ၁၃၄၆ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာ့ရှုခင်း
- ၇း၃၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ လျှပ်တစ်ပြက်
- ၄း၂၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
- ၄း၄၅ ၉။ သန့်စွာကိုင်လေစက္ကူငွေ
- ၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၂၁)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့ တမ်းတခြင်း** (အပိုင်း-၈)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ်အိပ်မက်လေးရယ်** (အပိုင်း-၂၃)
- ၂၆။ Mini Series

ငါးသားပေါက်များ ဝိုင်းမော်၌ ရောင်းချ

ဝိုင်းမော် ဇူလိုင် ၂၄

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ငါးလုပ်ငန်းစခန်းမှ ဒေသနှင့်ကိုက်ညီပြီး ကြီးထွားနှုန်း ကောင်းမွန်သည့် ငါးသားပေါက်များဖြစ်သော မြစ်ငါးသိုင်းနှင့် ထိုင်းငါးခုံးမ ငါးသားပေါက်များကို မြစ်ချောင်းအင်းအိုင်များသို့ စိုက်ထည့်ခြင်းနှင့် ငါးမွေးမြူလိုသူများအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ရှင်းလင်းတင်ပြ

အဆိုပါ ငါးသားပေါက်စခန်း၌ ငါးသားပေါက်များ မွေးမြူထားမှုကို ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးအယ်(လ်)တူးရိန်သည် ဇွန် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ စခန်းတာဝန်ခံ ဦးအောင်နိုင်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (ဝ၇၃)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မန္တလေးတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့်အတူ ဇူလိုင် ၂၃ရက် နံနက် ၁၀ နာရီက မန္တလေးတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ပါမောက္ခ (ဌာနမှူး)များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် တာဝန်ဝတ္တရားများကို စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန်၊ စေတနာထားပြီး အနစ်နာခံဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် သတ္တဗေဒဌာန၏ သုတေသနလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မန္တလေးတက္ကသိုလ် သတ္တဗေဒဌာန၏ သုတေသနလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက သာယာဝတီမြို့နယ် သဲဖြူအခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲသို့ တက်ရောက်ပြီး ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လက်ခံ

ယင်းနောက် အဆိုပါကျောင်း ခန်းမ၌ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပသော ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဆပ်ကော်မတီ၏ အသေးစားချေးငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး အသေးစား ပုဂ္ဂလိက ချေးငွေကျပ်သိန်း ၁၀၀၀ ကိုတာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် သာယာဝတီမြို့နယ် သုံးဆယ်ရေလှောင်တမံ စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ လက်ပံတန်းမြို့နယ် ဇရာဝတီမြစ်ကမ်းပန်းတာ တည်ဆောက်ပြီးစီးမှုနှင့် ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၉)က စိုက်ပျိုးထားသော စံပြစပါး ၁၀ ဧက စိုက်ခင်းအခြေအနေ တင်ပြချက်တို့အပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်၍ဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း သာယာဝတီမြို့နယ် သဲဖြူအခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပွဲ အခမ်းအနား၌ ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အဝိဇ္ဇာတဏှာအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော်(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
- ၆:၄၀ ရင်သပ်ရှုမောဖွယ်ရာ… အံ့ဩသင့်ဖွယ်ရာ…စိတ်၏ ငြိမ်းချမ်းမှုများပေါင်းစုံရာ…
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၁၇)
- ၈:၅၀ Activities in the City (ဝိဇ္ဇာစရဏသမ္ပန္နော ဓမ္မာရုံ ဖွင့်ပွဲနှင့် သာသနာတော်သို့ ရေစက်ချလှူဒါန်းပွဲ)
- ၉:၀၀ အဂ္ဂမဟာမဏိရတနာ ကျောင်းတော်ကြီးအတွက် ဒုတိယအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲ
- ၉:၁၅ Activities in the City (အင်းစိန်အကျဉ်းဦးစီးဌာန၏ အလယ်တန်းကျောင်းတိုးမြှင့် ဖွင့်လှစ်ပွဲ)
- ၉:၂၅ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ် အလှူ(မိုးကုတ်ဝိပဿနာ)
- ၉:၅၅ စာပေထဲက ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်စံဝင်း)
- ၁၀:၃၀ The Champion of Dance
- ၁၁:၂၀ Celebrity Choice (ရန်ရန်ချမ်း)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ Japan Video Topics (Takachiho Land of Legands)
- ၁၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Knowledge Update with Praram 9 Hospital)
- ၁၂:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (နာနတ်ရည်စိမ်ဝက်နံရိုးကြော်နှင့် ကဏန်းကြက်ဥကြော်)
- ၁:၀၀ **အဝိဇ္ဇာတဏှာအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော်(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ FMF Selection
- ၂:၅၀ Recycled Meanings ဓာတ်ပုံပြပွဲသို့တစ်ခေါက်
- ၃:၀၀ တစ်သက်တာစိတ်အေးဖို့ သစ်မွေးစိုက်ကြစို့
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၅)
- ၄:၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၁၇)
- ၅:၀၀ အာကာဟိန်း ဘီလုံးနာတေးစီးရီး မိတ်ဆက်ပွဲအခမ်းအနား
- ၅:၂၀ တို့ပြန်လေးဖက်နာ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၅:၃၀ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ Sunday Talk (သစ္စာနီ၊ မျိုးမြတ်သူ)
- ၆:၅၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၆)
- ၇:၃၀ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ **စကားနပန်း တပည့်မွေးတာကောင်းတယ်၊ တပည့်မမွေးတာကောင်းတယ်**
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၁၈)
- ၁၀:၃၀ 14 th Fina World Championships Shanghai 2011
- ၁၁:၃၀ အနုပညာမိုးကောင်းကင်
- ၁၁:၅၀ မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ (မိုးရာသီဖက်ရှင်)
- ၁၂:၃၀ International Show Biz
- ၁၂:၄၅ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဉယျာဉ်မှာ ပန်းလှရောင်စုံဖြာ
- ၁:၀၀ Shooting Location (ဘဝတံခွန်)
- ၁:၁၅ ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
- ၁:၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခင်သီတာအုန်း)
- ၂:၀၀ ရေဆန်စီးတဲ့မြစ်
- ၂:၃၀ လှပသစ်ဆန်းအလှပြင်ခန်း (VIOLETS STYLE Beauty Spa)
- ၂:၅၅ ကြည်နူးစရာလက်ဆောင် အဖြာဖြာ (Lucky Prize)
- ၃:၂၀ မြန်မာ့ရေကြောင်းပညာ တက္ကသိုလ်အကြောင်းသိကောင်းစရာ
- ၄:၀၀ ကော်ဖောမှာအသွင်ဆန်း ဒေါပုံကော်ဖောအစွမ်း
- ၄:၂၅ စက္ကူလွင်လွင်ပန်းယဉ်ယဉ် အလှဆင်စေချင်
- ၄:၃၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၄:၄၅ ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည် ညောင်ကျိုးမြို့ဆီသို့
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဟားခါးမြို့၌ အငှမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

၂၀၁၁ ခုနှစ် အငှမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီက ဟားခါးမြို့ ရုန်းတောင်တန်း၌ကျင်းပရာ ရှေးဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ရေသင်းဝင်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ယူကလစ်ပင်၄၀၀၊ ရေသင်းဝင်ပင် ၄၀၀၊ ချယ်ရီပင်၂၀၀ နှင့် မိုင်းဘောပင် ၂၀၀ စုစုပေါင်း အပင်၁၂၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ၂၀၁၁ခုနှစ် အငှမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရေသင်းဝင်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ရှမ်းပြည်နယ် အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၂ရက် မွန်းလွဲ ၂ နာရီက အေးသာယာစက်မှုဇုန်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး စက်မှုဇုန်ကော်မတီဝင်များက လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်လွှတ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီးက သံရည်ကျိုစက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကာ စက်မှုလုပ်ငန်းရှင်များက ထုတ်ကုန်အလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့သစ်မြို့နယ်တွင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး မကြီးကုန်းကြီးကျေးရွာ အလှူရှင် စက်ရေတွင်းတူးဖော်မှုကို ဇူလိုင် ၃ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးနေမန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၅) သင်တန်းဆင်းပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅) သင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၂၄

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းသို့ အခြေခံပညာ ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၉၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံမှ အကအဖွဲ့ဖျော်ဖြေတင်ဆက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၄

အိန္ဒိယသမ္မတနိုင်ငံမှ စာပေပညာရှင် Rabindranath Tagore ၏ နှစ်(၁၅၀) ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် အိန္ဒိယနိုင်ငံမှ Odissi အကပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်ပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့်ဇနီးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တာဝန်ခံ ပါမောက္ခချုပ် ဦးကျော်ဦးတို့က ဆီမီးထွန်းညှိပေးကြပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Odissi အကပညာရှင်အဖွဲ့က တေးသီချင်းများ၊ အကများနှင့် Tagore ၏ Chitrangada ပြဇာတ်တို့ကို ကပြဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ အိန္ဒိယနိုင်ငံမှ Odissi အကပညာရှင်အဖွဲ့၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးဆက်လက်လျော့နည်းနိုင်

နေပြည်တော် ဇူလိုင် ၂၄

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၀	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၂၉	၂၀	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၄	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၇	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၇	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၃	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၈	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနိုင်သည်။

ရေနံပေနက်အစမ်းတွင်းအမှတ် (MDE-1) စတင်တူးဖော် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Myanmar Petroleum Resources Ltd. တို့ ပူးပေါင်းဆောင်ရွက်သည့် ရေနံပေနက်အစမ်းတွင်းအမှတ် (MDE-1) Mann Deep East-1 စတင်တူးဖော်ခြင်း အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေကွင်းတာဝန်ခံနှင့် အမှုဆောင် ဘူမိဗေဒအရာရှိတို့က ဘူမိဗေဒနှင့်စပ်လျဉ်းသော ရေနံတွင်းနေရာ ရွေးချယ်မှုဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ မန်းရေနံမြေအထွေထွေမန်နေဂျာက Myanmar Petroleum Resources Ltd. နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Asia Drilling Operations Manager က AD 2 RIG ရေနံတွင်းတူးစက်ကြီးနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။

ဖွင့်လှစ်ပေး

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် Asia Drilling Operations Manager အမှုဆောင်အရာရှိချုပ်တို့က ရေနံပေနက် အစမ်းတွင်းအမှတ် (MDE-1) တွင်းတူးစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါတွင်းတူးစက်သည် အနက်ပေ ၁၄၄၆၀ အထိ တူးဖော်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာအနီး မန်းရေနံမြေရှိ ရေနံတွင်း ၃၈ တွင်းမှ ထွက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကို စုပေါင်းလက်ခံသည့် စခန်းအမှတ်(၃)သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့စုပေါင်းလက်ခံစခန်း အမှတ်(၃)တွင် သံကန် ၃၂ လုံးဖြင့် ရေနံစည် စုစုပေါင်း ၄၄၀၀ ခန့် သိုလှောင်နိုင်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းဘူး-မင်းလှ ကားလမ်းပေါ်ရှိ အေးမြသာယာကျေးရွာ၌ မြန်မာမြေ ကြွေထည်မြေထည်စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ စွမ်းအားမြှင့်အေဝမ်းမီးဖို ထုတ်လုပ်ရေးစက်ရုံတွင် မီးဖိုများ ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဖန်းဇော်၌ဆောင်ရွက်

ဖန်းဇော် ဇူလိုင် ၂၄

ဖန်းဇော်ခရိုင် ဖန်းဇော်မြို့ ပေါက်ကုန်းရပ်ကွက်၊ ကုက္ကိုတောရပ်ကွက်၊ ညောင်ပင်ရပ်ရပ်ကွက်၊ တပ်ကြီးကုန်းကျေးရွာနှင့် စင်းခန်းကျေးရွာတို့တွင် ဇူလိုင် ၁၄ ရက်မှစ၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများအဖြစ် ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးများခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို စာသင်ကျောင်း ၂၀ နှင့် အိမ်ခြေ ၇၀၀ တို့တွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာ၌ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းအောင်၊ မိခင်နှင့်ကလေး ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာဆိုင်းနန်၊ မြို့နယ်ကျန်းမာရေးမှူး ဦးကြည်ဝင်း၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနမှူး ဦးသိန်းဝင်းတို့ဦးဆောင်၍ နေ့စဉ် သွေးလွန်တုပ်ကွေးရောဂါ သံသယရှိလူနာများကို တစ်အိမ်တက်ဆင်း ရှာဖွေပြီး သုံးရက်တစ်ကြိမ် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကိုဆောင်ရွက်နေကြောင်း သိရသည်။ **(၁၂၈)**

ဇူလိုင် ၁၁ ရက်က မိုးရာသီ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးအတွက် ပေါက်မြို့နယ်ရှိ သာသနာ့ဗိမာန်တော်ဝင်းအတွင်း၊ အပြင်တို့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် အမှုဆောင်အရာရှိ ဦးဆန်းဝင်းတို့ ကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေးနှင့် တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင် ၅ ရက်က လေးမျက်နှာမြို့နယ် ကြိုးကြာကွင်းကျေးရွာအုပ်စု တောင်သူ ဦးတင်မောင်ထွန်း၏ လယ်မြေ၌ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်တင်လှဲ့လှဲ့ဦးက ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

သဘာဝလက်ဆောင်များတည်ရှိဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့

ဒေါက်တာဇော်မြင့်နီ

အယ်လဂိုးက သူ၏ဆောင်းပါးတစ်ပုဒ်တွင် ခုလိုရေးသားခဲ့ဖူးသည်။

ကမ္ဘာမြေကြီးအကြောင်းစဉ်းစားသောအခါ ကမ္ဘာမြေကိုအခြေခံ၍ ကျွန်ုပ်တို့ ရှူရှိုက်နေသော လေ၊ ကျွန်ုပ်တို့သောက်သုံးနေသောရေနှင့် ကျွန်ုပ်တို့စားသုံးနေသော အစားအစာများအကြောင်းကို ထည့်သွင်းစဉ်းစားရပေမည်။ ယခုအခါ ရေ၊ လေနှင့် အစာများသည် အလွန်အရေးပါသောအခြေအနေတစ်ရပ်သို့ ရောက်ရှိနေပေပြီ။

ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၊ ကမ္ဘာ့သယံဇာတအဖွဲ့နှင့် ကမ္ဘာ့ဘဏ်မှပြုစုထုတ်ဝေသည့် "ကမ္ဘာမြေကာကွယ်ထိန်းသိမ်းရေးနှင့် အနာဂတ်လုံခြုံရေး" စာအုပ်တွင် "ယနေ့ကမ္ဘာတွင် လူသန်း ၈၀၀ ခန့်မှာ အာဟာရမပြည့်ဝခြင်း၊ လူသန်း ၁၃၀၀ ခန့်မှာ သန့်ရှင်းသောရေမရရှိခြင်း၊ လူသန်း ၁၄၀၀ ခန့်မှာ လေထုညစ်ညမ်းမှုအန္တရာယ်နှင့်ကြုံတွေ့နေရခြင်း"စသည့် ဒုက္ခများနှင့်ရင်ဆိုင်နေရသည်ဟု ဖော်ပြထားပေသည်။

သန့်ရှင်းသည့်လေ၊ သန့်ရှင်းသည့်ရေ၊ သန့်ရှင်းသည့်အစာတို့သည် ကမ္ဘာမြေ၏ သဘာဝလက်ဆောင်များပင်ဖြစ်သည်။ ထိုလေ၊ ထိုရေ၊ ထိုအစာများ နဂိုနေမပျက်ဆက်လက်တည်ရှိနေရန်မှာ သာမန်အရေးမဟုတ်တော့။ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးအတွက် အသက်တမျှအရေးကြီးနေပေပြီ။ ကမ္ဘာမြေ၏သဘာဝလက်ဆောင်ကို အပြည့်အဝလက်ခံရယူနိုင်ရန်မှာ ကုန်လွန်ခဲ့သောရာစုနှစ်များကကဲ့သို့ လွယ်လွယ်ကူကူ မဖြစ်နိုင်တော့ပါ။ ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၆၀၀၀ ကျော်စလုံးက လက်ခံရယူနိုင်မည့် အရည်အချင်းရှိဖို့လိုအပ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် တန်ဖိုးထားမှု၊ နားလည်မှု၊ တာဝန်ယူမှုတို့ရှိကြရမည်။

ယနေ့ လူသားတို့ မှီဝေခံစားသုံးစွဲနေကြသော သဘာဝအလှ၊ တွင်းထွက်သယံဇာတများသည် အချိန်တိုအတွင်း ဖြစ်ပေါ်ခဲ့ကြခြင်းမဟုတ်ကြ။ နှစ်သန်းပေါင်းများစွာအချိန်ယူပြီးမှသာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုအရာများမှာ တန်ဖိုးကြီးမားလှကြောင်း ကလေးငယ်တစ်ယောက်ပင် ခံစားနားလည်နိုင်ပေသည်။ သို့သော် ယင်းခံစားမှုသည် သာမန်ခံစားမှု သက်သက်ပင်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုမမည်။

ကျွန်ုပ်၏ အစောဆုံးပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာမှာ မြေဆီလွှာတိုက်စားမှု ကာကွယ်တားဆီးရန် ကြီးမားသောအားထုတ်မှုများမှ စတင်ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ လယ်ယာမြေများ၏ အဓိကမှီခိုအားထားရာဖြစ်သော Top soil ခေါ် အပေါ်ယံမြေဆီလွှာများမှာ နှစ်စဉ်နှင့်အမျှ တန်နှင့်ချီ၍ တိုက်စားပြုန်းတီးမှုခံနေရပေပြီ။ လယ်သမားအများစုအနေဖြင့်မူ မြေဆီလွှာပြုန်းတီးမှုကို စိုးရိမ်ရကောင်းမှန်း မသိကြချေ။ အီဂျစ်ပြည်၏ ရှေးမြို့ဟောင်းတစ်မြို့ဖြစ်သော 'မင်ဖိ' (ယခုအခါ ကိုင်ရိုမြို့၏ တောင်ဘက်)၌ တစ်နာရီတွင် သုံးဟက်တာနှုန်း မြေဆီလွှာပျက်စီးပြုန်းတီးခဲ့ဖူးပေသည်။

ကမ္ဘာ့ပတ်ဝန်းကျင်အကြောင်း ဖျတ်ခနဲစဉ်းစားမိရုံနှင့်ပင် အလေးအနက်ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာဖြစ်ကြောင်းသဘောပေါက်မိသည်။ ကျွန်ုပ်တို့မိသားစုစကားဝိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး ပြောဆိုဆွေးနွေးရမည့် စာအုပ်တစ်အုပ်ရှိသည်။ ရေချယ်ကာဆန်၏ ဂန္ထဝင်မြောက်စာအုပ် "ဆိတ်သုဉ်းသွားသည့် နွေဦးတေးသံ " (Silent spring) ဖြစ်သည်။ ထိုစာအုပ်တွင် ပတ်စတီဆိုက်ခေါ် ပိုးသတ်ဆေးများအသုံးပြုမှုကြောင့် ငှက်ကလေးများသေဆုံးကြပုံကို သုတေသနပြုရေးသားထားခြင်းဖြစ်သည်။ ၁၉၆၂ ခုနှစ်ခန့်က ပထမဦးဆုံးထွက်ပေါ်လာသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာ၏ အိပ်မောကျနေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအသိစိတ်ကို ထိုစာအုပ်က လှုပ်နှိုးလိုက်သကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့ ကမ္ဘာမြေသည် တန်ဖိုးကြီးမားလှသောကြောင့် " အချည်းနှီးဖြုန်းတီးပစ်ရန်မသင့် "ဟူသော အသိကို လူတိုင်းနားလည်စေရန် ထိုစာအုပ်က လမ်းညွှန်ပြခဲ့ပေသည်။

ယနေ့အခါ မြေကမ္ဘာပတ်ဝန်းကျင်တွင် အန္တရာယ်ကျရောက်နိုင်သည့် လက္ခဏာများမှာ ပီပြင်သည်ထက် ပီပြင်လာချေပြီ။ ကမ္ဘာ့နေရာများတွင် ဆင့်ကဲဆင့်ကဲ ရင်ဆိုင်နေကြရပြီ။ ကျွန်ုပ်တို့သည် ရာသီဥတုဖောက်ပြန်သောကမ္ဘာ၊ သစ်တောပြုန်းတီးနေသောကမ္ဘာ၊ အိုဇုန်းလွှာပေါက်နေသောကမ္ဘာ၊ ရေညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု တစ်စတစ်စကြီးထွားလာသောကမ္ဘာတွင် နေထိုင်ကြရသည်။ ထိုပြဿနာများကိုဖြေရှင်းရန် နည်းလမ်းသစ်များရှာဖွေရေးသည် ကျွန်ုပ်တို့ကိုစိန်ခေါ်လျက်ရှိပေသည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်သဘာဝလောကကြီးအပေါ်တန်ဖိုးထားမှုနှင့် တာဝန်သိမှုကြောင့်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းလုံး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မှီဝေသုံးစွဲနေသော ကမ္ဘာမြေသယံဇာတများကို ပို၍အလေးထားခြင်းဖြင့်သော်လည်းကောင်း အထက်ပါပြဿနာများဖြေရှင်းရန် နည်းလမ်းသစ်နည်းလမ်းကောင်းများ ရှာဖွေကြရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး လူသန်းပေါင်းများစွာ၏ ကူညီမှုများ၊ အကြံဉာဏ်များ၊ အင်အားများရရှိနိုင်ပေသည်။ ကောက်ပဲသီးနှံများ၊ ပန်းခြံနှင့်ရေကန်များ၊ မိသားစုများနှင့် အဖွဲ့အစည်းများနေထိုင်နိုင်သည့်နေရာများ စသည့် သဘာဝ၏ရိုးရှင်းသော အံ့ဩဖွယ်ရာများ၏ မူလဇာစ်မြစ်ကိုသိနားလည်အောင် အသိပေးကြရပေမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ကြရမည်။ နိုင်ငံအလိုက်၊ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက်ကိုယ့်ကဏ္ဍနှင့်ကိုယ် အားလုံးဆောင်ရွက်ကြရမည်။ "a universal crusade to save the planet "ဟူသကဲ့သို့ အသွေးထဲ အသားထဲက နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရပေမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိ၊ နားလည်မှုနှင့်ဗဟုသုတရှိရန် အစဉ်သတိရှိရှိဖြင့် ဖြည့်ဆည်းနေကြရမည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည် လူတိုင်းနားလည်သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်မှသာ ထိရောက်မည်။ အကျိုးကျေးဇူးများမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်အပေါ် မှန်ကန်တိကျသော သဘောထားအမြင်များနှင့် သတိတရားရှိရှိ ဆောင်ရွက်တတ်အောင် လေ့ကျင့်ကြရမည်။ သင်ကြားကြရမည်။

သို့မှသာ သဘာဝလက်ဆောင်မွန်များကို ကျွန်ုပ်တို့အားလုံးအတွက်သာမက နောင်လာမည့် မျိုးဆက်သစ်များအတွက်ပါ လက်ဆင့်ကမ်းသယ်ဆောင်နိုင်မည်ဖြစ်သည်။

အယ်လဂိုး၏စာကို အတွေးပွားရင်း ပါမောက္ခဦးအောင်မြင့်၏ "wisdom society က လိုအပ်တာမှန်ပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေက knowledge society ဖြစ်ဖို့က ပိုလိုအပ်တယ်။ လူတိုင်းလူတိုင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံသဘောတရားတွေကို သိရှိနားလည်ထားဖို့၊ လိုက်နာကျင့်သုံးဖို့ လိုအပ်နေပြီ"ဟူသော စကားတချို့ကို သတိရမိသည်။

မိမိတို့သည် သဘာဝပတ်ဝန်းကျင် နဂိုနေမပျက်ရေး တစ်နိုင်တစ်ပိုင်ကာကွယ်စောင့်ရှောက်နိုင်ရန် ကမ္ဘာမြေဆိုင်ရာ အသိပညာများကို အချိန်မီ သိမှီး၊ အချိန်မီဖြည့်ဆည်းထားပြီး အချိန်မီဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

"ကမ္ဘာမြေ၏ ဖွဲ့စည်းပုံစနစ်များ၏ ပြောင်းလဲမှုနှင့် အကျိုးသက်ရောက်မှုအခြေအနေများကို နားလည်ခြင်းသည် သဘာဝပတ်ဝန်းကျင်ပြဿနာများဖြေရှင်းရာတွင် အရေးပါလှသည်"ဟူသော အခြေခံသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အယူအဆတစ်ခုရှိသည်။

ကမ္ဘာမြေ၏ ဖွဲ့စည်းပုံစနစ်ကိုလေ့လာလျှင် လေထု၊ ရေထု၊ မြေထုနှင့် ဇီဝထုဟူသော အပိုင်းလေးပိုင်းပါဝင်ကြောင်းတွေ့ရမည်။ ယင်းအပိုင်းအသီးသီး အချင်းချင်းအပြန်အလှန် ချိတ်ဆက်ပြောင်းလဲနေခြင်းများကြောင့် ယနေ့ကမ္ဘာမြေမျက်နှာပြင်အနေအထားများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အပိုင်းတစ်ပိုင်း၏ ဖြစ်စဉ်ပြောင်းလဲမှုတိုင်းသည် အခြားအပိုင်းများအပေါ် အစဉ်အကျိုးသက်ရောက်နေမည်ဖြစ်သည်။

မြေပြန့်လွင်ပြင်တစ်ခုတွင် တောင်တန်းတစ်ခုပေါ်ပေါက်လာရသည် ဆိုပါစို့။ ပတ်ဝန်းကျင်တွင် မည်သို့ပြောင်းလဲလာနိုင်သနည်း။ ပထမဦးစွာ လေထုအပေါ်အကျိုးသက်ရောက်မည်။ အထူးသဖြင့် မိုးရွာသွန်းမှုပုံသဏ္ဍာန်များ ပြောင်းလဲလာဦးမည်။ ထိုအခါဒေသတွင် ရေထုကို အကျိုးသက်ရောက်စေသည်။ ထိုရေသည် တိုက်စားခြင်း၊ ပို့ချခြင်းနှင့် အနည်ထိုင်ခြင်းတို့ကို ဖြစ်ပေါ်စေဦးမည်။ ဇီဝမျိုးနွယ်စုံသည် ထိုရေကိုပင် အမှီပြုကာ ရှင်သန်ဖွံ့ဖြိုးကြရလေသည်။ မြေ၊ လေ၊ ရေနှင့် ဇီဝမျိုးနွယ်စုံတို့သည် ဤသို့ အချင်းချင်းအပြန်အလှန်ဆက်စပ်နေကြသည်။

သဘာဝဖွဲ့စည်းပုံစနစ်များအတွင်း ပြောင်းလဲခြင်းများကို စောင့်ကြည့်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ပြဿနာများကို ကြိုတင်ခန့်မှန်းနိုင်သည်။ ဖြေရှင်းနိုင်သည်။ သဘာဝတွင် ပြောင်းလဲမှုပုံစံအမျိုးမျိုးတွေ့နိုင်သည်။

နွေရာသီ၌ ရေတွင်း၊ ရေကန်နှင့် အဝီစိတွင်းများ ရေရှားပါးရခြင်းမှာ မိုးရွာသွန်းမှုနည်းပါးခြင်း၊ မရှိခြင်းတို့ကြောင့်ဖြစ်သည်။ ထိုအခါ မြေအောက်ရေအောင်းလွှာ နိမ့်ကျခြင်း၊ ကုန်ခန်းခြင်းပြဿနာနှင့် ရင်ဆိုင်လာကြရတော့သည်။

ရေ၊ လေညစ်ညမ်းခြင်းများ၊ လမ်းပေါ်ရေလျှံခြင်းများသည် အဝင် အထွက်မမျှတမှုကြောင့်ဖြစ်ပေါ်လာသော ပြောင်းလဲမှုပုံစံများသာဖြစ်သည်။ အဝင်က အထွက်ထက်များနေခြင်းပင်။ မိုးရာသီမြစ်ရေချောင်းရေများ ရွှံ့နှစ်ရောင်ဖြစ်နေရခြင်းသည် မြေဆီလွှာများ မြစ်ရေ ချောင်းရေထဲ ပျော်ဝင်စီးဆင်းနေ၍ဖြစ်သည်။

ထို့ကြောင့် ဖွဲ့စည်းပုံစနစ်များအတွင်းရှိ ပြောင်းလဲခြင်းများကို စောင့်ကြည့်နားလည်ခြင်းသည် သဘာဝပတ်ဝန်းကျင်ပြဿနာများ လေ့လာရာတွင် အခြေခံကျလှသည်ဟု ပညာရှင်တို့က ဆိုခဲ့ကြခြင်းဖြစ်ပေသည်။

ဥပမာ - ခြင်များပေါများလာခြင်းသည် ယခုအခါ ပတ်ဝန်းကျင်ပြဿနာဖြစ်နေသည်။ ဇီဝမျိုးနွယ်စုံ တိုးပွားလာခြင်း၊ ယုတ်လျော့သွားခြင်း၊ မျိုးသုဉ်းသွားခြင်းများသည် ပြောင်းလဲခြင်းများပင်ဖြစ်သည်။ ပြောင်းလဲရခြင်း၏ အကြောင်းရင်းခံများရှိသည်။ ထိုအကြောင်းများကို ရှာဖွေတွေ့ရှိခြင်းသည် ပြဿနာ၏အဖြေကို တွေ့ရှိခြင်းပင်ဖြစ်သည်။

တစ်နှစ်ထက်တစ်နှစ် လူဦးရေများပြားလာခြင်းသည်လည်း ခြင်များရခြင်း၏ အကြောင်းရင်းတစ်ခုပင် ဖြစ်လေသည်။ လူဦးရေများလာလေလေ ချိုးရေ သုံးရေများလာလေလေပင် မဟုတ်ပါလား။

ခြင်ဆေးဖျန်းခြင်းဖြင့် ခြင်လျော့နည်းအောင်ပြုလုပ်ခြင်းသည် ယာယီဖြေရှင်းနည်း တစ်ခုသာဖြစ်သည်။ ပင်မဆောင်ရွက်ရမည့်အလုပ်မှာ ရှိခဲ့သော၊ ကောနေသော၊ ပျောက်ဆုံးသွားသော ရေနုတ်မြောင်းစနစ် ပြန်လည်ဖွံ့ဖြိုးရေးဖြစ်သည်။ တစ်ဦး တစ်ယောက်တည်းနှင့် လုပ်နိုင်သောအလုပ်မျိုး မဟုတ်ချေ။

၁၉၅၀ ပြည့်နှစ်များက ဂျပန်နိုင်ငံ မီနာမာတာ တံငါရွာကလေးတွင် ရွာသူ၊ ရွာသားအများစုသည် အာရုံကြောဆိုင်ရာရောဂါများ၊ ထုံကျဉ်ခြင်းများနှင့် သေဆုံးမှုများကို ထူးခြားစွာရင်ဆိုင်ကြရသည်။ နဂိုက သည်တံငါရွာ ကလေး၏ ဘဝနေဟန်က အေးအေးချမ်းချမ်းပင်။ ရွာကလေးက ပင်လယ်အော်ရဲ့ထိပ်မှာ တည်ရှိသည်။ မီနာမာတာရွာကလေးနှင့် အနီးပတ်ဝန်းကျင်ရှိလူများက ထိုပင်လယ်ကြီးကို အမှီပြုပြီး အသက်ရှင်နေထိုင်ကြရသည်။ သည် ရေသောက်၊ သည်ငါးစားပြီး သည်ပတ်ဝန်းကျင်မှာ အေးချမ်းစွာနေထိုင်ခဲ့ရာမှ ကြေကွဲဖွယ်အဖြစ်ဆိုးများနှင့် ရင်ဆိုင်လာကြရသည်။

အကြောင်းရင်းမှာ မီနာမာတာရွာထိပ်ရှိ "ဓာတုစက်ရုံတစ်ခုက ပြဒါးအောက်ဆိုက်ရည်များကို ရွာကလေးဘေးရှိ ပင်လယ်အော်ထဲသို့ စွန့်ပစ်ခဲ့ကြသည်။ ပြဒါးများသည် ရေများ၊ ငါးများ၊ ပင်လယ်အစားအစာများထဲပျံ့နှံ့ကာ ထိုမှတစ်ဆင့် လူများထံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ဤသို့ဖြင့် ပြဒါးဆိပ်သင့်ကာ သဘာဝပတ်ဝန်းကျင်အခြေပြု ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာရသည်။

ဤပြဿနာသည် ပင်လယ်အော်ထဲသို့ ပြဒါးရည်ပါသောအမှိုက်များ တဖြည်းဖြည်းစုပုံလာပြီး ပင်လယ်ညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း သိရသောအခါ ဓာတုစက်ရုံကို ပိတ်ပစ်လိုက်ခြင်းဖြင့် ပြဿနာ၏ရင်းမြစ်ကို ရှင်းထုတ်လိုက်လေသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ပြဿနာများသည် ကျိုးကြောင်းဆက်စပ်ပြီး ဖြစ်ပေါ်လာကြရခြင်းဖြစ်ရာ ယင်းတို့၏ပြောင်းလဲခြင်းများကို သေချာစွာစောင့်ကြည့်ပါက ပြဿနာ၏အဖြေကို တွေ့ရမြဲဖြစ်ပေသည်။ သို့သော် အဖြေကိုတွေ့ခြင်းသည် ပြဿနာကို ဖြေရှင်းရန် လမ်းစတွေ့ရုံသာရှိသေးသည်။ ယနေ့ကမ္ဘာတွင် အဖြေရှိပြီး မရှင်းနိုင်သေးသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများရှိနေသည်။

သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ပြဿနာတစ်ခုကို အမြစ်ပြတ်အောင် ဖြေရှင်းရန်မှာ ထင်သလောက်မလွယ်ကူချေ။ ပညာလည်းရှိရဦးမည်။ ကိုယ်ချင်းစာနာစိတ်လည်းရှိရဦးမည်။ ပြီးလျှင် တာဝန်ရှိသူရော ကမ္ဘာသူ ကမ္ဘာသားများပါ သူ့စည်းကိုယ့်စည်း သူ့ဝန် ကိုယ့်တာ ကျေပွန်ကြရဦးမည်။ ဤသို့ဆိုလျှင် ပတ်ဝန်းကျင်ပြဿနာများကို ဖြေရှင်းနိုင်မည်သာ ဖြစ်ပါတော့သည်။ ။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မုဒုံမြို့နယ် ရွှေဟသာ်ာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက်ထားရှိသော ရေစုပ်စက်များကွင်းခိုင်မှုကို ဇူလိုင် ၆ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်မြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရွာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဂါလန် ၆၀၀၀ ဆံ့ မိုးရေလှောင်အုတ်ကန်ပြုလုပ်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ဇွန် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းသီဟထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် အင်္ဂပူရပန်းခြံအတွင်း ပန်းအလှပင်များစိုက်ပျိုးထားရှိမှုကို ဇူလိုင် ၆ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့်အဖွဲ့စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေဘားများ ပြုပြင်လဲလှယ်နေမှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်သူရ ဇွန် ၁၄ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သာစည်မြို့နယ်အပိုင်း ဟစ်တော်မူကျေးရွာအနီး လမ်းဘေးဝဲယာတွင် ဇူလိုင် ၁၉ ရက်က သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအရိပ်ရပင်များ စိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးကျော်နိုင်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟောလိဝုဒ်၌ဝင်ငွေကောင်းနေသော ရုပ်ရှင်မင်းသမီး ခရစ်စတင်းစတီးဝပ်

☞ မောင်မောင်မြင့်ဆွေ — စုစည်းသည် ☜

ဟောလိဝုဒ်မင်းသမီး ခရစ်စတင်းစတီးဝပ်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၄

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဟောလိဝုဒ်၌ ဝင်ငွေကောင်းကာ အောင်မြင်မှုရရှိနေသော ရုပ်ရှင်မင်းသမီးမှာ ခရစ်စတင်းစတီးဝပ် ဖြစ်သည်။ ဟောလိဝုဒ်ရုပ်ရှင်လောက၌ ပုရိသများအတွက် ဆွဲဆောင်မှုအရှိဆုံး ညို့မျက်ဝန်းပိုင်ရှင်အဖြစ် ထင်ရှားသူလည်းဖြစ်သည်။

ချောမောလှပ

အသက် ၂၁ နှစ်အရွယ်သာရှိသေးသည့် ခရစ်စတင်းစတီးဝပ်သည် အမေရိကန်နှင့် ဩစတြေးလျ ကပြားတစ်ဦးဖြစ်ရာ ရုပ်ရည်လည်းချောမောလှပသဖြင့် ဟောလိဝုဒ်၌ ဇာတ်ကားအများဆုံး ပါဝင်သရုပ်ဆောင်နေရသူ ရုပ်ရှင်မင်းသမီး တစ်ဦးလည်း ဖြစ်သည်။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ မွေးဖွားခဲ့သူဖြစ်ပြီး ဖခင် ဂျွန်စတီးဝပ်မှာ ရိုက်ကွင်းမန်နေဂျာနှင့် ရုပ်မြင်သံကြားဇာတ်လမ်းများ ထုတ်လုပ်သူတစ်ဦး ဖြစ်သည်။ မိခင် ဂျူလက်စ်မန်းစတီးဝပ်မှာ ဩစတြေးလျနိုင်ငံကွင်းစလန်းပြည်နယ်သူ တစ်ဦးဖြစ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသားတည်းဖြတ်သူတစ်ဦးဖြစ်သည်။

ပညာသင်ကြားခဲ့

သူမတွင် အစ်ကိုနှစ်ဦးရှိပြီး အထက်တန်းပညာရေးကို ပြီးဆုံးအောင် တက်ရောက် သင်ကြားခဲ့သော်လည်း ဘွဲ့ရသည်အထိ စာပေးစာယူဖြင့်သာ ပညာသင်ကြားခဲ့သည်။

ခရစ်စတင်းစတီးဝပ်သည် အသက်ရှစ်နှစ်အရွယ်မှ စတင်ကာ The Thirteenth Year ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီး Panic Room ရုပ်ရှင်ကားဖြင့် အောင်မြင်မှုစတင်ရရှိခဲ့သူဖြစ်သည်။ ယခုအချိန်၌ ဟောလိဝုဒ်တွင် ဝင်ငွေ အကောင်းဆုံးထိပ်တန်းရုပ်ရှင်မင်းသမီးစာရင်း၌ ပါဝင်နေပြီဖြစ်သည်။ ၂၀၁၀ခုနှစ်က ရုပ်ရှင်ကားများ၌ ပါဝင်သရုပ်ဆောင်မှုအတွက် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅ သန်း ရရှိခဲ့သည်။

ဆောင်ရွက်ထား

ခရစ်စတင်းစတီးဝပ်အောင်မြင်မှုရရှိခဲ့သည့် ဇာတ်ကားများမှာ Cold Creek Manor Speak၊ The Messengers Jumper၊ The Runaways, On the Road စသည့် ဇာတ်ကားများဖြစ်သည်။ ၎င်းရုပ်ရှင်ကားများတွင် ခရစ်စတင်းစတီးဝပ်အနေဖြင့် သရုပ်ဆောင်မင်းသမီးအပြင် ကိုယ်တိုင်ပူးတွဲ ထုတ်လုပ်သူအဖြစ်ပါ ဆောင်ရွက်ထားခြင်းဖြစ်သည်။

ယခုအခါ The Twilight Saga; Breaking Dawn ဇာတ်ကားကို အပိုင်းလိုက်ခွဲပြီး ပါဝင်သရုပ်ဆောင်ရိုက်ကူးနေပြီး ပူးတွဲထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်လျက်ရှိသည်။ ခရစ်စတင်းစတီးဝပ်သည် Snow White and The Huntsman အမည်ရှိ ရုပ်ရှင်ကားကို ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ရိုက်ကူးရန် စီစဉ်လျက်ရှိသည်။

ခရစ်စတင်းစတီးဝပ်၏ မိခင်ဖြစ်သူမှာ ဩစတြေးလျတွင်နေထိုင်သူဖြစ်ရာ သူမသည်ဩစတြေးလျ၌နေထိုင်ပြီး စာရေးခြင်းအလုပ်ကိုလုပ်ကာ စာရေးဆရာတစ်ဦးအဖြစ် အေးချမ်းစွာနေထိုင်လိုသည့်ဆန္ဒပြင်းပြနေသူလည်းဖြစ်သည်။

ခရစ်စတင်းစတီးဝပ်သည် Speak ဇာတ်ကား၌ အတူတွဲသရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်မင်းသားမိုက်ကယ်အန်ဂါနိုနှင့် တွဲလျက်ရှိနေပါကြောင်း။ ။ **(အင်တာနက်)**

The Last Stand ဇာတ်ကား အာနိုး ပါဝင်သရုပ်ဆောင်မည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၄

အမေရိကန်ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးဟောင်း အသက် ၆၃ နှစ်အရွယ်ရှိ အာနိုး (အပေါ်ပုံ)**သည် The Last Stand ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန်အတွက် ဟောလိဝုဒ်သို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်၌ ပြန်လာတော့မည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက်၌ ဟောလိဝုဒ်က သတင်းထုတ်ပြန်သည်။**

အာနိုးသည် A Tale of Two Sisters ၊ A Bitter-sweet Life နှင့် Saw Devil ဇာတ်ကားများအပါအဝင် တောင်ကိုရီးယားဒါရိုက်တာ ကင်ဂျေးဝမ်ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားတစ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ထို့အပြင် အာနိုးသည် The Terminator ၊ Predator နှင့် The Running Man စသည့် သူ၏နာမည်ကြီး ရုပ်ရှင်ဇာတ်ကားများကိုလည်း ပြန်လည်ဆန်းသစ် တည်းဖြတ်မှုများပြုလုပ်ကာ ထုတ်လုပ်ဖြန့်ဖြူးရန် စီစဉ်ထားသည်။ မကြာမီက သူ၏အိမ်ထောင်ရေးပြဿနာများကြောင့် ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ပြန်လည်ဝင်ရောက်ရန် အချိန်ကာလရွှေ့ဆိုင်းခဲ့သော်လည်း ယခုအခါ ရုပ်ရှင်နယ်ပယ်သို့ ပြန်လည်ဝင်ရောက်တော့မည့်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ (အင်တာနက်)

Late Autumn ဇာတ်ကား မိတ်ဆက်ပွဲများ ကျင်းပ

ပေကျင်း ဇူလိုင် ၂၄

တရုတ်ရုပ်ရှင်မင်းသမီး တန်ဝေ (ယာပုံ) **သည် သူမပါဝင်သရုပ်ဆောင်ထားပြီး ကိုယ်တိုင်ရိုက်ကူးထားသော Late Autumn ရုပ်ရှင်ကားအား ပရိသတ်များ လက်ခံအားပေးနိုင်ရန်အတွက် တရုတ်ပြည်မကြီးအပါအဝင် တရုတ်(တိုင်ပေ)နှင့် ဟောင်ကောင်ဒေသများသို့သွားရောက်ကာ ပရိသတ်များနှင့် တွေ့ဆုံပွဲများ ကျင်းပလျက်ရှိသည်။**

ထိုခရီးစဉ်များအတွင်း တောင်ကိုရီးယားရုပ်ရှင်မင်းသား ဟွန်ဘင်လည်း ပါဝင်သည့်အပြင် ၎င်းဇာတ်ကားကို ထုတ်လုပ်သည့် တရုတ်နိုင်ငံသား ဂျော့လီလည်း လိုက်ပါသွားခဲ့သည်။

သွားရောက်

ရုပ်ရှင်မင်းသမီး တန်ဝေသည် ဇူလိုင် ၉ ရက်က ကျင်းပခဲ့သော တိုင်ပေရုပ်ရှင်ပွဲတော်သို့လည်း သွားရောက်ခဲ့သည်။ Late Autumn ဇာတ်ကားသည် ဒရာမာဇာတ်လမ်းအမျိုးအစားဖြစ်ပြီး တောင်ကိုရီးယားရုပ်ရှင်မင်းသား ဟွန်ဘင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

နှစ်ခြိုက်အားပေး

တန်ဝေသည် တရုတ်ပရိသတ်သာမက အာရှပရိသတ်များလည်း နှစ်ခြိုက်အားပေးသည့် တရုတ်ရုပ်ရှင်မင်းသမီး တစ်ဦးဖြစ်သည်။ (အင်တာနက်)

လန်ဒန် ဇူလိုင် ၂၄

ဗြိတိသျှ ဟဲဗီးဝိတ်ချန်ပီယံလက်ဝှေ့ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်က အင်္ဂလန်နိုင်ငံ ဝင်ဘလေအားကစားကွင်းကြီး၌ မန်ချက်စတာမြို့သား တိုင်ဆန်ဖူရီနှင့် ဇင်ဘာဘွေနိုင်ငံဖွားဗြိတိသျှဟဲဗီးဝိတ်ချန်ပီယံ ဒီရက်ချီဆိုဒါတို့ သူနိုင်ကိုယ်နိုင်အပြိုင်ကြ ထိုးသတ်ကြရာ **(ယာပုံ)**နောက်ဆုံး တိုင်ဆန်ဖူရီက အမှတ်ဖြင့်နိုင်ပြီး ဗြိတိသျှနှင့် ခနသဟာယ ဟဲဗီးဝိတ်ချန်ပီယံသစ်ဖြစ်လာသည်။

အသက် ၂၃ နှစ်ရှိ တိုင်ဆန်ဖူရီက အသက် ၂၇ နှစ်ရှိ ချီဆိုဒါအား ၁၂ ချီလုံးလုံးအသာစီးမှ ထိုးသတ်နိုင်ခဲ့သည်။ သို့သော် ဒုတိယအချီတွင် ချီဆိုဒါ၏ တွဲလုံးလက်သီးများက တိုင်ဆန်ဖူရီကို အထိနာစေခဲ့သည်။ တိုင်ဆန်ဖူရီသည် ပွဲစဉ်တစ်လျှောက် မှန်မှန်ထိုးသတ်သွားနိုင်ခဲ့ပြီး နောက်ဆုံးတွင် ဒိုင်လူကြီးနှစ်ဦးက ၁၁၇-၁၁၂မှတ်နှင့် ၁၁၈-၁၁၁မှတ်ဖြင့် တိုင်ဆန်ဖူရီအား အနိုင်ပေးလိုက်သည်။ တိုင်ဆန်ဖူရီသည် ယင်းပွဲအနိုင်ရပြီးနောက် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဝါဒီမီယာကလစ်ချ်ကိုအား စိန်ခေါ်လိုက်သည်။ ကလစ်ချ်ကိုသည် ဒဗလျူဘီအေ၊ ဒဗလျူဘီအိုနှင့် အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်ရရှိထားသူဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးက ခေါ်ယူရန် သဘောတူထားသည့် ဘာစီလိုနာကွင်းလယ်ကစားသမား ရိုမီရှူး။

ကွင်းလယ်ကစားသမားရိုမီရှူးအား ချယ်လ်ဆီးခေါ်ယူရန် သဘောတူညီ

လန်ဒန် ဇူလိုင် ၂၄

ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာကွင်းလယ်ကစားသမား အိုရီအော ရိုမီရှူးအား စာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။ ချယ်လ်ဆီးနည်းပြ ဗီးလက်ဘိုဇ်က ရာသီကြိုခြေစမ်းပွဲအဖြစ် အာရှသို့ လှည့်လည်ကစားလျက်ရှိရာ ဗန်ကောက်မြို့သို့ရောက်ရှိစဉ် ရိုမီရှူးအားခေါ်ယူရန် သဘောတူထားသည့် အကြောင်း သတင်းထောက်များအား ပြောကြားလိုက်ခြင်းဖြစ်သည်။

"သူ့အသက်က ၁၉ နှစ်ပဲရှိပါသေးတယ်၊ ပြီးခဲ့တဲ့ရာသီကမှ ဘာစီလိုနာအသင်းနဲ့ ပွဲထွက်ကစားခဲ့တာပါ။ သူဟာ အသက်အငယ်ဆုံး ကစားသမားတွေထဲမှာတော့ သူ့အလယ်တန်းနေရာကို အာမခံချက်အပေးနိုင်ဆုံးကစားသမားဖြစ်ပါလိမ့်မယ်" ဟု နည်းပြ ဗီးလက်ဘိုဇ်က ပြောကြားသည်။

ရိုမီရှူးသည် လောလောဆယ် စပိန်အသက် ၂၀ အောက်လူငယ်ဘောလုံးအသင်း၏ အသင်းခေါင်းဆောင်ဖြစ်သည်။ မကြာမီဆေးစစ်ပြီး ချယ်လ်ဆီးသို့ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ပြောင်းရွှေ့ကြေးအသေးစိတ်ကို ချယ်လ်ဆီးကထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ပေါင် ၄ ဒသမ ၅ သန်းခန့်ဖြင့် စာချုပ်နိုင်ကြောင်း သတင်းများကဆိုသည်။ နည်းပြဗီးလက်ဘိုဇ်အနေဖြင့် ကွင်းလယ်ကစားသမား အက်ဆီယန် ဒဏ်ရာကြောင့် ခြောက်လကြာအနားယူရမည်ဖြစ်၍ ၎င်း၏နေရာတွင် ယခုခေါ်ယူသည့် ရိုမီရှူးအား ထုတ်သုံးမည့် အနေအထားရှိသည်။ **(အင်တာနက်)**

၂၄-၇-၂၀၁၁

မြင့်မောင်စိုး–စုစည်းသည်

ကိုပါအမေရိကဖလား ပီရူးတတိယဆုရ

ကိုပါအမေရိကဖလား တတိယနေရာလုပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အာဂျင်တီးနားနိုင်ငံ လာပလာတာမြို့၌ပီရူးအသင်းနှင့် ဗင်နီဇွဲလားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီရူးအသင်းက လေးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး တတိယဆုဆွတ်ခူးနိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ပီရူးတိုက်စစ်မှူး ဂူယာရီရိုက ပီရူးအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သည်။ (အင်တာနက်)

ဘိုဂျန်ကာကစ်အား ရိုးမားခေါ်ယူ

ဘာစီလိုနာအသင်းမှ အသက် ၂၀ ရှိ လူငယ်တိုက်စစ်မှူး ဘိုဂျန်ကာကစ်အား အီတလီစီးရီးအေကလပ် ရိုးမားအသင်းက ပေါင် ၁၁ ဒသမ ၄ သန်းဖြင့် နှစ်နှစ်စာချုပ်လိုက်ပြီဖြစ်သည်။ **(အင်တာနက်)**

ဒရော့ဘာ ချယ်လ်ဆီးနှင့် ထပ်မံစာချုပ်လို

အသက် ၃၃ နှစ်ရှိ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ၎င်း၏အသင်းက နောက်ထပ်တစ်နှစ်ထပ်မံစာချုပ်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ချယ်လ်ဆီးက ၎င်းအား နောက်ထပ်တစ်နှစ်ထပ်မံစာချုပ်မည်ဆိုပါက ၂၀၁၃ ခုနှစ်အထိ ကစားရမည်ဖြစ်သည်။ ဒရော့ဘာသည် ၂၀၀၄ခုနှစ်က ပြင်သစ်မာဆေးကလပ်မှ ချယ်လ်ဆီးသို့ ရောက်ရှိလာခြင်းဖြစ်သည်။ (အင်တာနက်)

မတ်တေလာအား ဝက်စ်ဟမ်းခေါ်ယူ

ဘော်လ်တန်ကွင်းလယ်ကစားသမား မတ်တေလာအား ဝက်စ်ဟမ်းအသင်းက ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက် ၂၉ နှစ်ရှိ မတ်တေလာသည် နည်းပြ ဆမ်အလာဒိုက်(စ်)လက်ထက်တွင် သုံးဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားဖြစ်လာသည်။ **(အင်တာနက်)**

အမီယာခမ်း အလဲထိုးအနိုင်ယူ

ဗြိတိသျှလက်ဝှေ့သမား အမီယာခမ်းနှင့် အမေရိကန်လက်ဝှေ့သမား ဇတ်ဒူဒက်ချ်တို့သည် ဇူလိုင် ၂၄ ရက်က လက်စ်ဗီးဂတ်စ်မြို့၌ လိုက်(ဖ်)ဝယ်တာဝိတ်တန်းချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အမီယာခမ်းက ငါးချီဖြင့် အလဲထိုးပြီး ၎င်း၏ချန်ပီယံခါးပတ်ကို ကာကွယ်လိုက်သည်။ (အင်တာနက်)

ဟသ်ာတခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၂၂ရက် နံနက်ပိုင်းက ရေကြည်မြို့ဘူတာရုံ ရုံးခန်းသို့ ရောက်ရှိကြရာ ရေကြည်မြို့နယ် ရေဘေးကယ်ဆယ်ရေးဆောင်ရွက်နေသော တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးလှခိုင်၊ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးဟန်၊ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ထားရှိမှု၊ ဟသ်ာတခရိုင်အတွင်းရှိ တာတမံများ၌ ရေကင်းစခန်း ဆောင်ရွက်ထားရှိမှု၊ မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေမှု၊ မြစ်ရေကြီးမှုကာကွယ်ရေးဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောက်စုဘူတာရုံသို့ ရောက်ရှိကြရာ လေးမျက်နှာမြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်နေသော တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် လေးမျက်နှာမြို့နယ် အုပ်ချုပ်ရေးမှူးတို့က တာတမံများ၌ ရေကင်းစခန်းများ ဆောင်ရွက်ထားရှိမှု၊ မြို့နယ်အတွင်း ရေလွှမ်းမိုးမှု လျှော့ကျရေး ဆောင်ရွက်ထားရှိမှု၊ ရေကင်းစခန်းများအား ထောက်ပံ့ပစ္စည်းများပံ့ပိုးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေကြီးမှုများ ပေါ်ပေါက်လာပါက အရေးပေါ်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်၊ အိုင်သပြုကမ်းပြိုမှုအား အမြန်ဆုံး ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန်တို့ကို မှာကြားခဲ့သည်။

ထောက်ပံ့

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟသ်ာတမြို့ ကနောင်ရပ်ကွက် သဗ္ဗသိဒ္ဓိဓမ္မာရုံကြီးရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ရေဘေးသင့်အိမ်ထောင်စုကိုးစုမှ ဒေသခံပြည်သူ ၃၂ ဦးတို့အားတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဟသ်ာတမြို့ မြဝတီရပ်ကွက် ရတနာပုံကျောင်းတိုက်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ရေဘေးသင့်အိမ်ထောင်စု ၅၁စုမှ ဒေသခံပြည်သူ ၂၃၄ဦးတို့အား ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က လှူဒါန်းသော ထောက်ပံ့ပစ္စည်းများနှင့်ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးစခန်း တာဝန်ခံနှင့် မြဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က လက်ခံကြသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝေက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီဘီရောဂါတိုက်ဖျက်ရေးသင်တန်း တပ်ကုန်းမြို့နယ်၌ဖွင့်

နေပြည်တော် ဇူလိုင် ၂၄

တီဘီရောဂါတိုက်ဖျက်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၄၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (ဝ၂၁)

မြန်မာအမျိုးသမီးများနေ့ ကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးအေးက မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံနှင့် အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ဆွေးနွေးဟောပြော

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာယုဝေက ဆယ်ကျော်သက်မိန်းကလေးများနှင့် ကျန်းမာရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းပိုက မြန်မာအမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းလှူဒါန်းပွဲ မြောင်းမြ၌ ကျင်းပ

မြောင်းမြ ဇူလိုင် ၂၄

မြောင်းမြမြို့နယ် ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက မြောင်းမြမြို့ သာသနာ့ဗိမာန်၌ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးနိုင်၊ တိုင်းဒေသကြီး ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဦးပြုံးချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်တို့က ဦးဆောင်၍ စုပေါင်းလှူဒါန်းကြပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စုစုပေါင်းငွေကျပ် ၁၄၀၄၀၀၀ တန်ဖိုးရှိ အလှူပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အခွန်ပညာပေးဆွေးနွေးပွဲ အောင်လံ၌ ကျင်းပ

အောင်လံ ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနကကြီးမှူး၍ အခွန်ပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက အောင်လံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရုံးဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးစိုးမြင့်က ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

စာစောင်ဖြန့်ဝေ

ထို့နောက် တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည့် အချက်များကို မေးမြန်းရာ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများနှင့် ဌာနဆိုင်ရာများအား အခွန်ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၁၁၉)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဆလိုက်မီးလုံး တပ်ဆင်ပူဇော်နိုင်ရေးအတွက် ဇူလိုင် ၈ ရက်က မော်လမြိုင်မြို့ ဗဟိုလမ်း ညောင်ဝိုင်းရပ်ကွက် သူဇာလမ်း အမှတ်(၂၃)နေ ကိုကျော်ကျော်-မအေးအေးနွယ်၊ သား မောင်နီထွဋ်၊ မောင်ကောင်းခန့်ကျော် မိသားစုတို့က ငွေကျပ် ငါးသိန်းတစ်သောင်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၀၇)

တောင်ငူမြို့ ကျုံးပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း
စာတည်းထံပေးစာများ

တည်းကုန်း-ဆူးလေယာဉ်လိုင်း ပြန်လည်ပြေးဆွဲပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တည်းကုန်းမှ သမိုင်း-ရှစ်မိုင်-ကမ္ဘာအေး-ရွှေဂုံတိုင်-ဆူးလေသို့ ပြေးဆွဲနေသော (၄၄)ဘတ်စ်ကားများ မပြေးဆွဲသည်မှာကြာခဲ့ပြီဖြစ်ပါသည်။ ယခင်က အဆိုပါဘတ်စ်ကားလိုင်းရှိသဖြင့် ခရီးသွားများ အလွန်အဆင်ပြေပါသည်။ ယခုအခါ ကားသုံးဆင့်ပြောင်းစီးပြီး ရန်ကုန်မြို့ထဲသို့ သွားနေရပါသဖြင့် ငွေကုန်လူပန်းဖြစ်လျက်ရှိရာ လမ်းကြောင်းတူ အခြားယာဉ်လိုင်းတစ်လိုင်းပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်များ**

ဆိုင်ကယ်ကယ်ရီများ ဆူညံလွန်း

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် ဝေဘာဂီလမ်းဆုံရာ (၆ ကွေ့)၌ ဆိုင်ကယ်ကယ်ရီဆွဲကြရာတွင် အိတ်ဇောသံ၊ ဟွန်းသံ၊ သီချင်းသံစသည်တို့ကြောင့် ဆူညံသည့်အပြင် ကျောင်းပြန်၊ အလုပ်ပြန် အမျိုးသမီးများအား နောက်ပြောင်ခြင်းများ ပြုလုပ်နေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဝေဘာဂီလမ်းသား**

မြေပဲဆားလှော်လုပ်ငန်း ကြပ်မတ်ဆောင်ရွက်ပြီး

ဇူလိုင် ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် သိပ္ပံလမ်းတွင် မြေပဲဆားလှော်လုပ်ငန်းမှ ထွက်ရှိသည့် ညှော်နံ့နှင့် မြေပဲပုပ်ရည်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ခနောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ဇွန် ၁၇ ရက်က ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာနှင့် ကလောမြို့နယ် သဲကုန်းကျေးရွာ ဆက်သွယ်သော ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုင်းရှူးမြို့ စဝ်စံထွန်းလမ်းဘေးဝဲယာ၌ ဇူလိုင် ၁၂ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးအောင်စည် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသည့် ကမ်းနားလမ်း ကတ္တရာလမ်းသစ်ကို ဇွန် ၇ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဘာသာစုံဂုဏ်ထူးရှင် သားကြီး ကိုဘုန်းအတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးဝင်းမြင့် (ဦးစီးအရာရှိ) သစ်တောဦးစီးဌာန၊ ကြံခင်းမြို့နယ်-ဒေါ်မြင့်မြင့်ခိုင်တို့၏သားကြီး မောင်အောင်ဘုန်းမြင့် (ခုံအမှတ်-မနမ-၈၁၄)သည် ၂၀၁၀-၂၀၁၁ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အထက(၉) မန္တလေးမှ (ဘာသာစုံဂုဏ်ထူးအမှတ်ပေါင်း ၅၄၇မှတ်)ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် ချစ်သားကြီးကိုဘုန်း၏ ကြိုးစားအားထုတ်မှုကို ချီးကျူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဘဝတစ်လျှောက်လုံး အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဘွားဘွားကြီး၊ ကြီးကြီးသန်း၊ အန်တီစန်း၊ အန်တီလေးနှင့်မမဇင်မာ

ကျေးဇူးအထူးတင်ရှိခြင်းနှင့် ဂုဏ်ယူဝမ်းမြောက်ခြင်း

အထက(၉)၊ မန္တလေးမှ မောင်အောင်ဘုန်းမြင့် (ခုံအမှတ် မနမ-၈၁၄)သည် ၂၀၁၀-၂၀၁၁ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (ဘာသာစုံဂုဏ်ထူး အမှတ်ပေါင်း ၅၄၇မှတ်)ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် သင်ကြားပေးကြသော အထက(၉) မန္တလေးမှ ဆရာ ဆရာမများ Conqueror Academy of Education (C.A.E) မန္တလေးမှ ဆရာကြီး ဆရာမကြီးများအား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ချစ်သားကြီးအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ချစ်ဖေဖေ - **ဦးဝင်းမြင့် (ဦးစီးအရာရှိ၊သစ်တောဦးစီးဌာန၊ကြံခင်းမြို့နယ်)**
ချစ်မေမေ - **ဒေါ်မြင့်မြင့်ခိုင် (အထက်မင်းလှ)**
ချစ်ညီမလေး - **မေဘုန်းမြင့်မို (သတ္တမတန်း၊ အထက-ကြံခင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈း၀၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀ ၈။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၂၀ ၉။ အတီးပြိုင်ပွဲ
၈း၂၅ ၁၀။ **အသိစိတ်ကလေး အရင်းတည်၍**
၈း၄၀ ၁၁။ **International News**
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၂၀ ၈။ **မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ (၂၀၁၁)**
၅း၃၅ ၉။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသ အခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၅၅ ၁၃။ **စိမ်းမြခက်ဝေ** (မေစန္ဒီမောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ) (ဒါရိုက်တာ-မျိုးအေး)
၇း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၁)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသ အခြေအနေ
၁၈။ ကမ္ဘာကျော် သရုပ်ဆောင်များ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၇)
၂၀။ အစီအစဉ်ပြီး၏။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အရောင်းဆိုင်များ၌ ဝယ်ယူကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်နည်းသရုပ်ပြပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၁၀)ရှိ လယ်သမားကြီး ဦးကျော်ကျော်ဦး၏ တောင်သူပညာပေးစံကွက်တွင် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးသက် ၂၀ ရက်သား ပျိုးပင်များ စိုက်ပျိုးပြသခြင်း သရုပ်ပြပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပသည်။ **(ယာပုံ)**

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကွင်းဝန်ထမ်းများ၊ ဒေသခံတောင်သူလယ်သမားများတက်ရောက်ခဲ့ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးချစ်ဆွေဦးက စပါးတစ်ဧက တင်း ၁၀၀အထက် ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စပါးစိုက် နည်းစနစ်(၁၄)ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပျောက်ဆုံးကြောင်း

မောင်နိုင်အောင်မင်း၏ ပတ်စ်ပို့နံပါတ်(M 075868)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးသူကို ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၄၁၀၉၁၉၊ ၆၂၀၁၃၈

◆ *ကျောက်ဖုံးမှ*

ပြပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ရောင်းချသော ချည်မျှင်အမျိုးမျိုး၊ ပိတ်အမျိုးမျိုး၊ ပန်းရိုက်ဆေးဆိုးထည်များ၊ စက်ထိုးထည်များ၊ စွပ်ကျယ်၊ တီရှပ်၊ စပို့ရှပ်နှင့် ချုပ်ထည်များ၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ ဆေးဝါးများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ဘိလပ်မြေ၊ အုတ်၊ ကြွေသီးနှင့် ကြွေထည် ပစ္စည်းထုတ်ကုန်များ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းတို့မှ ထုတ်ကုန်ပစ္စည်းများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်းနှင့် အမှတ်(၂)အထွေထွေအကြီးစား စက်မှုလုပ်ငန်းတို့မှ လူစီး မော်တော်ယာဉ်များ၊ လုပ်ငန်းသုံး စက်ယန္တရားကြီးများ၊ လယ်ယာသုံး စက်ကိရိယာများနှင့် လယ်ယာလုပ်ငန်းခွင်သုံး သယ်ပို့ယာဉ်များ၊ စက်နှင့်စက်ပစ္စည်း အစိတ်အပိုင်းများ၊ အင်ဂျင်အစိတ်အပိုင်းများ၊ ဘက်ထရီနှင့် မီတာများ၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှု လျှော့ကျစေရန်အတွက် LED များ၊ Solar ပြားများ အပါအဝင် စက်မှုထုတ်ကုန်ပစ္စည်းများကို စုံလင်စွာ ပြသထားသည်။

အဆိုပါ မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ -၂၀၁၁ ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ ဇူလိုင် ၂၆ ရက်အထိ ဆက်လက်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၇-၂၀၁၁

ပေါင်မြို့	၂ ဒသမ ၉၈ လက်မ
ကိုကိုးကျွန်းမြို့	၂ ဒသမ ၄၀ လက်မ
မာန်အောင်မြို့	၂ ဒသမ ၀၀ လက်မ
ခရမ်းမြို့	၀ ဒသမ ၃၈ လက်မ

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ လက်လီလက်ကားဝယ်ယူသူများဖြင့်စည်ကား ဇူလိုင် ၂၆ ရက်အထိ ဆက်လက်ခင်းကျင်းပြသသွားမည်

နေပြည်တော် ဇူလိုင် ၂၄

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကို ယနေ့နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အရောင်းဆိုင်များ၌ ဝယ်ယူကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

အထူးစည်ကား

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ပြည်သူများသည် ပြပွဲအတွင်း မြန်မာ့စက်မှုထုတ်ကုန်ပစ္စည်းများကို လာရောက်ကြည့်ရှုလေ့လာကြရာ ဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စာမျက်နှာ ၁၃ ကော်လံ ၇ ◆

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မော်လိုက်မြို့၌ ၁၃၆၃ စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၆၇၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၃၃ စင်တီမီတာ (၄ ဒသမ ၄ ပေခန့်)နှင့် ၁၂၄ စင်တီမီတာ (၄ ပေခန့်) အသီးသီး ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၆၀ စင်တီမီတာ (၂ ပေခန့်)ကျဆင်းနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်များဖြစ်သော ၁၂၃၀ စင်တီမီတာနှင့် ၁၅၅၀ စင်တီမီတာ အသီးသီးအထက်တွင် ဆက်လက်တည်ရှိမည်။

ပဲခူးမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြို့၌ ၉၁၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ **(သတင်းစဉ်)**